ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
e - paper ဖတ်ရှုရန်

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာနိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ ကြာသပတေးနေ့။ Thursday, 27 August 2026 ၁၂၂၈၃

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Le Hoai Trung အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် ဩဂုတ် ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Le Hoai Trung ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H.E. Mr. Nguyen Anh Duc၊ အာဆီယံရေးရာဌာန အရှေ့တောင်အာရှ၊ တောင်အာရှနှင့် တောင်ပစိဖိတ်ဌာန ညွှန်ကြားရေးမှူးချုပ် H.E. Mr. Nguyen Tat Thant နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော်သမ္မတက ယခုကဲ့သို့ မိမိတို့အစိုးရအဖွဲ့ နိုင်ငံတော်တာဝန် ထမ်းဆောင်ချိန်တွင် ဗီယက်နမ်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးနှင့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ယနေ့ ဖတ်စရာ

PRI-FLOWS နဲ့ ကာကွယ်မယ်၊ မိမိကိုယ်ရေးအချက်အလက်ကို ကွယ်
ဆောင်းပါး စာမျက်နှာ » ၆

နိုင်ငံဖြတ်ကျော်မူးယစ်ဆေးဝါးမှုခင်းများ စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲ မြန်မာနိုင်ငံ CCDAC နှင့် UNODC တို့ ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပ
စာမျက်နှာ » ၉

ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ) ဆည်မြောင်းတာ အိုးပဲ့ကျူမှု ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ
စာမျက်နှာ » ၁၀

## Digital Smart မီတာအသစ် လျှောက်ထားခြင်းများအတွက် အသုံးပြုနည်းလမ်းညွှန်ချက်များ

စာမျက်နှာ ၁၁

# Polytechnic University၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့က Project Show များ ကျင်းပဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၆**

အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ Polytechnic University၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့က Project Show များကို နှစ်စဉ်ကျင်းပဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက္ကသိုလ် ၁၆ ခုတို့က သက်ဆိုင်ရာဘာသာရပ်နယ်ပယ်အလိုက် Project Show များကျင်းပခဲ့ပြီး ကျန်ရှိသည့် တက္ကသိုလ်များကလည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐



ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)မြို့င်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)ပြည်ညောင်တို့ မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀



ကြေးမုံ

# မြို့ရွာသန့်ရှင်းသာယာလှပရေး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို ဩဂုတ် ၂၅ ရက်က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မြို့ရွာများ သန့်ရှင်းသာယာလှပရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အုပ်ချုပ်မှုပိုင်းဆိုင်ရာနှင့် စည်ပင်သာယာရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်၍ မြို့နေပြည်သူလူထုနှင့်ပူးပေါင်းပြီး မြို့ရွာများ သန့်ရှင်းသာယာလှပရေးကို ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားခဲ့သည်။

ယခုအခါ မိုးရာသီကာလဖြစ်၍ အချို့ဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသည်။ မြို့ပြများတွင် ရေနုတ်မြောင်းများပိတ်ဆို့မှုကြောင့် အချို့ရပ်ကွက်များတွင် ရေဝင်ရောက်မှုများ မကြာခဏဖြစ်ပေါ်လျက်ရှိသည်။ အချို့မြို့ရွာကျေးလက်များတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ချောင်းရေများ တက်လာကာ ရေတားတာများ ရေကျော်လာ၍ မြို့ရွာကျေးလက်ဒေသအချို့တွင် ရေကြီးရေလျှံမှုများ ယနေ့အထိဖြစ်ပေါ်နေသည်။ အဓိကအားဖြင့် မြစ်ကြီးများ အပါအဝင် ချောင်းမြောင်းများတိမ်ကောလာခြင်းနှင့် မိုးရွာသွန်းမှုများပြားလာခြင်းကြောင့်ဖြစ်သည်ကို တွေ့ရသည်။ မြစ်ကြီးများ၊ ချောင်းမြောင်းများ တိမ်ကောလာမှုကို မြစ်ချောင်းမြောင်းများ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း၊ သဲနုန်းများဆယ်ယူခြင်းဖြင့် ရေစီးဆင်းမှုကောင်းမွန်လာပြီး ရေကြီးရေလျှံဖြစ်ပွားမှုကို လျှော့ချနိုင်မည်ဖြစ်သည်။

ယခုအခါ နိုင်ငံအတွင်း ဒေသအချို့၌ ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် ကူညီကယ်ဆယ်ရေး၊ ထိန်းသိမ်းကာကွယ်တည်ဆောက်ရေးတို့ကို သက်ဆိုင်ရာအဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိသည်။ ရောဝတီတိုင်းဒေသကြီးတွင် ဝဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံးအင်ဂျင်နီယာဆိုင်ရာ တားဆီးမှုဖြစ်သည့် သဲအိတ်ကြီးများချထားခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် စတီးပိုင်ရိုက်သွင်းခြင်းစသည့် တာတမံနိမ့်ကျသည့်နေရာများ ပြန်လည်ခိုင်မာစေရန် စက်ယန္တရားများနှင့်လုပ်အားများအသုံးပြု၍ အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသည်။ အလားတူ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားအသုံးပြု၍ သောင်တူးသည့်စက်ကြီးများဖြင့် ဆောင်ရွက်နိုင်အောင် စီမံဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့ရှိ အချို့မြို့ပေါ်ရပ်ကွက်များတွင်လည်း ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိသည်။ များသောအားဖြင့် ရေနုတ်မြောင်းများအတွင်း အမှိုက်သရိုက်များ ပိတ်ဆို့မှုကြောင့် ဖြစ်သည်ကို တွေ့ရသည်။ မြို့နေလူထုအနေဖြင့် ရေနုတ်မြောင်းများ၊ အိမ်ရှေ့မြောင်းများ ပိတ်ဆို့မှုမဖြစ်စေရေးအတွက် စည်ပင်သာယာရေးအဖွဲ့များက တည်ဆောက်ပေးထားသော မြောင်းများ၊ မြောင်းဖုံးများကို အဟန့်အတားမဖြစ်အောင် ပြုလုပ်ဖို့လိုသည်။ အမှိုက်သရိုက်များကိုလည်း စည်းကမ်းတကျ စွန့်ပစ်ကြရန်လိုသည်။

မြို့ရွာများ သန့်ရှင်းသာယာလှပရေးနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတ သွားရောက်ခဲ့သည့် နိုင်ငံများမှ မြို့ရွာရပ်ကွက်များတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် မြို့နေပြည်သူလူထု စနစ်တကျစည်းကမ်းရှိစွာ မြို့ရွာရပ်ကွက်များကို ထိန်းသိမ်းထားသောကြောင့် သန့်ရှင်းသာယာလှပနေသည်ကို တွေ့မြင်ခဲ့ရသည်။ အထူးသဖြင့် သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူတစ်ဦးချင်းစီအလိုက်လည်း စည်းကမ်းတကျလိုက်နာဆောင်ရွက်ကြသောကြောင့် သန့်ရှင်းသာယာလှပနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ဤသို့သန့်ရှင်းသာယာလှပအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် ကြရမည်ဖြစ်သည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အုပ်ချုပ်ရေးပိုင်းဆိုင်ရာအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးဆိုင်ရာအဖွဲ့အစည်းများက စနစ်တကျကြပ်မတ်ဆောင်ရွက်၍ မြို့နေလူထုနှင့်ပူးပေါင်းကာ မြို့ရွာများသန့်ရှင်းသာယာလှပရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါ ရန်ကုန်မြို့တွင် မြို့ရွာများသန့်ရှင်းသာယာလှပရေးအတွက် ရပ်ကွက်အလိုက် နေအိမ်ပတ်ဝန်းကျင်နှင့်လမ်းများ၊ ရေနုတ်မြောင်းများ စနစ်တကျဖြစ်စေရေးအတွက် စည်းကမ်းမဲ့ပိတ်ဆို့ထားမှုများ၊ အဖီအဆွယ်အကာအရံများကြောင့် လမ်းများနှင့် ရေမြောင်းများ ပိတ်ဆို့ဆောင်ရွက်ထားမှုများကို စိစစ်ကြပ်မတ်ရှင်းလင်းဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရသည်။ ပြည်သူလူထုအနေဖြင့် စည်းကမ်းလိုက်နာမှုတွင်အားနည်းသောကြောင့် မြို့ရွာရပ်ကွက်လမ်းများတွင် ပိတ်ဆို့ကျူးကျော်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည်ဖြစ်သည်။ စည်းကမ်းလိုက်နာမှုအားနည်းသည့်အစဉ်အလာသည် ရေရှည်ကြာမြင့်စွာ ဖြစ်ပွားခဲ့သဖြင့် ပြည်သူလူထုအား စဉ်ဆက်မပြတ် အသိပညာပေးခြင်းများပြုလုပ်ကာ လိုက်နာဆောင်ရွက်ခြင်းမရှိသူများကို ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းတို့ကို စနစ်တကျဆောင်ရွက်သွားရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြို့ရွာရပ်ကွက်များ သန့်ရှင်းသာယာလှပရေးအတွက် ပြည်သူတစ်ဦးချင်းအလိုက် တာဝန်ကိုယ်စီရှိသလို သက်ဆိုင်ရာအဖွဲ့အစည်းများကလည်း အစဉ်အမြဲ စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန်တာဝန်ရှိသဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်၊ မြို့ပေါ်ရပ်ကွက်ကျေးရွာများအလိုက် အစဉ်အမြဲသန့်ရှင်းသာယာလှပပြီး မြို့ပြအင်္ဂါရပ်များနှင့်ညီညွတ်အောင် အချိန်ယူ၍ ပြည်သူလူထုအား အသိပညာပေးခြင်း၊ စောင့်ကြည့်ကြပ်မတ်ဆောင်ရွက်ခြင်း၊ ဝိုင်းဝန်းပူးပေါင်းလာစေခြင်းတို့ကို နေ့စဉ်နေ့တိုင်း အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အသိပေးအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မျိုးမင်းကြည်ဝင်းကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## (၂၆-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၁.၆ ~ ၃၆၆၉ | ၅၁၇ ~ ၅၁၇.၁ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၂,၃၇၃,၁၈၅.၅၅ | ၃,၂၅၈,၉၃၄.၀၀ | ၄၃,၃၅၄,၄၇၁.၈၅ | - |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ အီလက်ထရောနစ်ပစ္စည်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း၊ တိရစ္ဆာန်အစာနှင့် ပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှဝင်ရောက်ငွေကို CMP ကဏ္ဍသို့ ရောင်းချပေးခဲ့ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ကျောက်ဆည်မြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

**ကျောက်ဆည် ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီးကျောက်ဆည်မြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့က အစိုးရနည်းပညာ အထက်တန်းကျောင်း (ကျောက်ဆည်) ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဇာနည်ထွန်းက အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာရေးဆရာကိုရွှေအောင်သင်းက လူငယ်နှင့် အနာဂတ်နိုင်ငံတော် ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောရာ အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်)မှ ကျောင်းအုပ်ဆရာမကြီးက ဂုဏ်ပြုလက်ဆောင်များပေးအပ်ခဲ့ပြီး ကျောင်းသား ကျောင်းသူများက ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် သုတ/ရသစာအုပ်များနှင့် နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## ၂၆ - ၈ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၅၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၆ – ၈ – ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၀၀၀ | ၁၈,၀၀၀ | ၁,၁၆၅ | ၂၀,၉၇၀,၀၀၀ |
| MTSH | ၉,၁၀၀ | ၉,၀၀၀ | ၁,၃၇၄ | ၁၂,၄၅၆,၂၀၀ |
| MCB | ၁၃,၀၀၀ | ၁၃,၀၀၀ | ၃၁ | ၄၀၃,၀၀၀ |
| FPB | ၆,၈၀၀ | ၆,၉၀၀ | ၇,၅၀၇ | ၅၁,၅၅၀,၇၀၀ |
| TMH | ၃,၆၅၀ | ၃,၆၅၀ | ၁၀၅ | ၃၈၃,၂၅၀ |
| EFR | ၁,၉၀၀ | ၁,၈၅၀ | ၂,၄၆၉ | ၄,၅၇၅,၇၅၀ |
| AMATA | ၄,၂၀၀ | ၄,၁၀၀ | ၁၁ | ၄၅,၈၀၀ |
| MAEX | ၆,၇၀၀ | ၆,၆၀၀ | ၁,၄၉၉ | ၁၀,၀၀၀,၉၀၀ |
| MADPL(PLB) | ၆,၄၀၀ | ၆,၄၀၀ | ၁၆၅ | ၁,၀၅၆,၀၀၀ |
| ASPGB(PLB) | ၆,၉၀၀ | ၆,၈၀၀ | ၂,၂၆၆ | ၁၅,၄၅၆,၇၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို

**ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင်လုပ်ပါမယ်၊ ဒီလိုနဲ့ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)*

☆ ရှေ့ဖုံးမှ

မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ခြင်းအပေါ် မိမိတို့အနေဖြင့် ဝမ်းမြောက်ကြောင်း၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအနေဖြင့် သံတမန်ဆက်ဆံမှုများ ရှည်ကြာခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် သံတမန်ဆက်ဆံမှု နှစ်(၅၀)ပြည့်မြောက်ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ တူညီမှုများစွာ ရှိသကဲ့သို့ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းများလည်း တူညီကြကြောင်း၊ အလားတူ ခေတ်အဆက်ဆက်တွင် နှစ်နိုင်ငံခေါင်းဆောင်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်ခဲ့သကဲ့သို့ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများလည်း ကောင်းမွန်လျက်ရှိကြောင်း၊ ယခုကဲ့သို့ အဆွေတော်အနေဖြင့် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည့်အတွက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Le Hoai Trung အား လက်ခံတွေ့ဆုံစဉ်။

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက ယခုကဲ့သို့ မိမိဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ **မိမိအနေဖြင့် မိမိတို့ ဗီယက်နမ်နိုင်ငံသမ္မတနှင့် ကွန်မြူနစ်ပါတီ** အထွေထွေအတွင်းရေးမှူးချုပ် ဖြစ်သူ မစ္စတာ တိုလမ်က အဆွေတော်သမ္မတကြီးအား ဗီယက်နမ်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် လာရောက်ရန် ဖိတ်ကြားမှုနှင့် အဆွေတော်သမ္မတကြီး လာရောက်မည့်ခရီးစဉ်ကို ဝမ်းမြောက်ဝမ်းသာဖြင့် ကြိုဆိုလျက်ရှိမှုကို သတင်းစကားပါးရန် စေလွှတ်ချက်အရ ယခုကဲ့သို့ လာရောက်ဂါရဝပြုတွေ့ဆုံခြင်း ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ် စတင်တာဝန်ထမ်းဆောင်ချိန်တွင် ပြည်ပနိုင်ငံသို့ သွားရောက်သည့် ပထမဆုံးခရီးစဉ်သည် မြန်မာနိုင်ငံဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် သမိုင်းကြောင်းအဆက်ဆက်တွင် ချစ်ကြည်ရင်းနှီးမှုများကို နှစ်နိုင်ငံခေါင်းဆောင်များက တည်ဆောက်ခဲ့ကြပြီး ယခုတိုင်ကောင်းမွန်ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုများ ရှိနေဆဲပင်ဖြစ်ကြောင်း၊ ယခု အဆွေတော်သမ္မတကြီး လာရောက်မည့် ဗီယက်နမ်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား နှစ်ပေါင်းများစွာတည်ဆောက်ခဲ့သည့် ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီး နှစ်နိုင်ငံဘုံအကျိုးစီးပွားအတွက် စာမျက်နှာသစ်၊ ကဏ္ဍသစ်ကို ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ပိုမိုတိုးတက်ခိုင်မာအောင် မြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှု၊ လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်များကို လေးစားတန်ဖိုးထားပါကြောင်း၊ အဆွေတော်အနေဖြင့် မိမိတို့ ဗီယက်နမ်နိုင်ငံအပေါ် ယုံကြည်စိတ်ချရသည့် မိတ်ဆွေနိုင်ငံအဖြစ် မှတ်ယူဆောင်ရွက်နိုင်ပါကြောင်း ဆွေးနွေးပြောကြားသည်။

> **ဗီယက်နမ်နိုင်ငံတွင် ကျင်းပပြုလုပ်မည့် ကမ္ဘောဒီးယား - လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု(CLMV) ထိပ်သီးအစည်းအဝေးနှင့် ဧရာဝတီ-ကျောက်ဖရား - မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေးတို့တွင် မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် ထောက်ခံအားပေးသွားမည်ဖြစ်ပြီး ယုံကြည်စိတ်ချရသည့် မိတ်ဆွေကောင်းနိုင်ငံများအဖြစ် ဆက်လက်ရပ်တည်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့သည် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာလာစေရေးနှင့် ပိုမိုတိုးမြှင့် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ တပ်မတော်အချင်းချင်းနှင့် ပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ စီးပွားရေးအရ နယ်ပယ်သစ်များတိုးချဲ့ရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့် ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံးပူးပေါင်းဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတကာဆက်ဆံရေးများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိမှု၊ ဗီယက်နမ်နိုင်ငံတွင်ကျင်းပပြုလုပ်မည့် ကမ္ဘောဒီးယား-လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု(CLMV) ထိပ်သီးအစည်းအဝေးနှင့် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(ACMECS)ထိပ်သီးအစည်းအဝေးတို့တွင် မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် ထောက်ခံအားပေးသွားမည်ဖြစ်ပြီး ယုံကြည်စိတ်ချရသည့် မိတ်ဆွေကောင်းနိုင်ငံများအဖြစ် ဆက်လက်ရပ်တည် ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးမှု အပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❐ Polytechnic မှ

ယနေ့နံနက်ပိုင်းက Naypyitaw State Polytechnic University ၌ (၂၀၂၅-၂၀၂၆) ပညာသင်နှစ် Engineering and ICT Project Show၊ 2026 ကို ကျင်းပခဲ့ပြီး Artificial Intelligence၊ IoT၊ Smart Automation & Embedded Systems၊ Green Technology၊ Sustainable Engineering & Smart Agriculture၊ Robotics၊ Mechatronics & Autonomous Systems၊ Software Engineering၊ Architectural Design နှင့် Assistive Technologies & Public Welfare စသည့် ဘာသာရပ်နယ်ပယ် ၇ ခုအတွက် Project စုစုပေါင်း ၉၄ ခုကို ခင်းကျင်းပြသခဲ့သည်။

အဆိုပါပြပွဲကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ ဒီဂျစ်တယ်စီးပွားရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(နေပြည်တော်)၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း(နေပြည်တော်) တို့မှ ဥက္ကဋ္ဌများနှင့် အင်ဂျင်နီယာပညာရှင်များ ကြည့်ရှုအားပေးကြပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ခင်းကျင်းပြသထားသည့် Project များကို နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တက္ကသိုလ်များ၊ ကောလိပ်၊ သိပ္ပံကျောင်းများနှင့် ဥတ္တရသီရိမြို့နယ် အထက (၁၂)မှ အခြေခံပညာ ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

အလားတူ ယနေ့တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌လည်း UCSY Product Show and Job Fair 2026 ကို ကျင်းပရာ Software engineering၊ AI၊ IoT၊ Image Processing၊ Networking ဘာသာရပ်နယ်ပယ်များနှင့်သက်ဆိုင်သော Undergraduate Project ၆၃ ခု၊ Post Graduate Project ၁၂ ခု စုစုပေါင်း Project ၇၅ ခုကို ပြသရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပညာရှင်များ ကြည့်ရှုအားပေးကြပြီး အလုပ်အကိုင်အခွင့်အလမ်းများအတွက် ကုမ္ပဏီ ၁၆ ခုမှလည်း လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၆

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Le Hoai Trung ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ဇမ္ဗူသီရိဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့ နှစ်နိုင်ငံသည် တရားဝင်သံတမန် ဆက်ဆံရေးကို ၁၉၇၅ ခုနှစ် မေလမှစ၍ ထူထောင်ခဲ့ကြသဖြင့် ယခုဆိုလျှင် (၅၁)နှစ်ထဲသို့ ရောက်ရှိပြီဖြစ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံသည် ချစ်ကြည်ရင်းနှီးစွာဖြင့် ကာလရှည်ကြာ ပူးပေါင်း ဆောင်ရွက်ခဲ့ကြသည့် မိတ်ဆွေ နိုင်ငံများဖြစ်ကြပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံအကြား စီးပွားရေး၊ နည်းပညာနှင့် ယဉ်ကျေးမှုစသည့် ကဏ္ဍများတွင်လည်း ထဲထဲဝင်ဝင် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြပါကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို မိမိတို့အနေဖြင့် ဂုဏ်ယူဝမ်းမြောက်လျက် ရှိပါကြောင်း၊ ထိုကဲ့သို့ ဗီယက်နမ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက အထောက်အပံ့ပြုသည့် Doi Moi Plan (2.0) နှင့်ပတ်သက်၍လည်း ထဲထဲဝင်ဝင် လေ့လာလိုပါကြောင်း၊ ထို့အပြင် ဗီယက်နမ်အမျိုးသား လွှတ်တော်နှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်ရေး အတွက် ပြည်သူ့လွှတ်တော်တွင် မြန်မာ-ဗီယက်နမ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ ဖွဲ့စည်းထားရှိပြီး ဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော် နှစ်ရပ်အကြား လွှတ်တော်အချင်းချင်း ထိတွေ့ဆက်ဆံရေး၊ လွှတ်တော်ကော်မတီချင်းဆက်ဆံရေး၊ လူငယ်၊ အမျိုးသမီးနှင့် နည်းပညာ စသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံပါလီမန်များ ပူးပေါင်း ဆောင်ရွက်ရေး အဖွဲ့ (AIPO ) စတင် ဖွဲ့စည်းစဉ်ကတည်းက ပါဝင်ခဲ့ပြီး ယခုအာဆီယံ ပါလီမန်များ ညီလာခံ (AIPA ) တွင်လည်း အဖွဲ့ဝင်အဖြစ် ဆက်လက်တည်ရှိပါကြောင်း၊ အလားတူပင် နိုင်ငံတကာ ပါလီမန်များအဖွဲ့ (IPU) တွင်လည်း အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတကာမျက်နှာစာနှင့် အာဆီယံပါလီမန်များညီလာခံ၊ နိုင်ငံတကာပါလီမန်များအဖွဲ့တွင် ဗီယက်နမ်အမျိုးသားလွှတ်တော်နှင့် ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိပါကြောင်း၊ ဗီယက်နမ်နိုင်ငံ ကွန်မြူနစ်ပါတီသည် နိုင်ငံပေါင်းများစွာနှင့် ကောင်းမွန်သည့် ဆက်ဆံရေး ရှိသည်ကို သိရှိပါကြောင်း၊ မိမိတို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီအနေဖြင့်လည်း ဗီယက်နမ် ကွန်မြူနစ်ပါတီနှင့် ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်ရန်ဆန္ဒရှိပါကြောင်း ပြောကြားသည်။

ဗီယက်နမ် နိုင်ငံခြားရေး ဝန်ကြီးက မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးသည့် သံတမန် ဆက်ဆံရေးသည် ကြာမြင့်သည့် ကာလတစ်ခုသို့ ရောက်ရှိပြီဖြစ်ပါကြောင်း၊ သံတမန်ဆက်ဆံရေး ကြာမြင့်လာသည်နှင့်အမျှ အစိုးရ အချင်းချင်း၊ ပြည်သူအချင်းချင်း၊ လွှတ်တော် အချင်းချင်းလည်း ချစ်ကြည်ရင်းနှီးရန် ဆက်လက် ကြိုးပမ်းမည် ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစား လိုက်နာကာ ဆယ်စုနှစ်များစွာ လက်တွဲ ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပကတိအခြေအနေ များကိုလည်း နားလည်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး အစိုးရနှင့် လွှတ်တော်များ ဖွဲ့စည်းပေါ်ပေါက် လာမှုအပေါ် ဂုဏ်ယူဝမ်းမြောက် မိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အခက်အခဲများစွာကို ဖြတ်ကျော် ပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်း များဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့ နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် အစီအမံများ ကိုလည်း မျှဝေသွားမည်ဖြစ်ပါ ကြောင်း၊ မြန်မာနိုင်ငံရှိ ဗီယက်နမ် နိုင်ငံသားများကိုလည်း ကူညီ စောင့်ရှောက် စေလိုပါကြောင်း၊ ထို့အပြင် လွှတ်တော်ချင်းချစ်ကြည် ရင်းနှီးရေးအဖွဲ့များ ဖွဲ့စည်းပြီး လူငယ်၊ အမျိုးသမီး၊ နည်းပညာ စသည့် ကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း၊ ဗီယက်နမ် အမျိုးသား လွှတ်တော် ဥက္ကဋ္ဌမှလည်း အဆွေတော်ကို နှုတ်ခွန်းဆက်သ သည်ကို အသိပေးလိုပါကြောင်း၊ လွှတ်တော်ချင်း ပူးပေါင်းဆောင် ရွက်ရေးအတွက်လည်း နောင်တွင် ဖိတ်ကြားတွေ့ဆုံသွားမည် ဖြစ်ပါ ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ တကာမျက်နှာစာတွင် မြန်မာ နိုင်ငံအပေါ် အစဉ်အမြဲထောက်ခံ သွားမည်ဖြစ်ပြီး အာဆီယံပါလီမန် များ ညီလာခံနှင့် နိုင်ငံတကာ ပါလီမန်များ အဖွဲ့တွင်လည်း ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ် ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့ငွေစာရင်း ကော်မတီဥက္ကဋ္ဌ ဦးတေဇကျော်၊ နိုင်ငံတကာ ဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်း၊ ပြည်သူ့ လွှတ်တော် မြန်မာ-ဗီယက်နမ် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီး ရေးအဖွဲ့ အဖွဲ့ဝင် ဒေါ်မြင့်သန်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသောင်းအေးနှင့် ပြည်သူ့ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးနှင့် အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် နိုင်ငံ သံအမတ်ကြီး H.E. Mr. Nguyen Anh Duc နှင့် ဗီယက်နမ် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မရှင် (၁၀)ကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုပူးတွဲကော်မရှင်၏ (၁၀) ကြိမ်မြောက် အစည်းအဝေးကို ယနေနံနက်ပိုင်းတွင် နေပြည်တော် Park Royal ဟိုတယ်၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး H.E. Mr. Le Hoai Trung နှင့်အတူ ဦးဆောင် တက်ရောက်ကြသည်။



အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ထူထောင်ထားသည့် ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး အောက်မှ နှစ်နိုင်ငံဆက်ဆံရေးနှင့် ဘက်စုံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ၊ အထူးသဖြင့် နိုင်ငံရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု၊ သယ်ယူပို့ဆောင်ရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး၊ ပညာရေးနှင့် လေ့ကျင့်သင်ကြားရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့် နည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ယဉ်ကျေးမှု၊ ခရီးသွားနှင့် ပြည်သူအချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ ပြည်တွင်းဖြစ်ပေါ်တိုးတက်မှု များကို အပြန်အလှန် ရှင်းလင်းအသိပေးကြပြီး နှစ်နိုင်ငံအကြား ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ တွင် အပြန်အလှန် ထောက်ခံအားပေးလျက် ပိုမို နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

## ပြောကြား

ပြည်ထောင်စုဝန်ကြီးက ၂၀၂၇ ခုနှစ်တွင် မြန်မာ-ဗီယက်နမ် ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက် ဆက်ဆံရေး ထူထောင်မှု (၁၀)နှစ်ပြည့်မြောက်သည့် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပနိုင်ရေး စီစဉ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ သံတမန် သင်တန်းကျောင်းများအကြား ပူးပေါင်းဆောင်ရွက် ရေးအပါအဝင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများ အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားမည် ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ အား ရတနာပုံဆိုက်ဘာစီးတီးအပါအဝင် မြန်မာနိုင်ငံ ၏ နည်းပညာအထူးဇုန်များတွင် ရင်းနှီးမြှုပ်နှံမှုများ လာရောက်ပြုလုပ်ရန်၊ နည်းပညာဆိုင်ရာပစ္စည်းများ လာရောက်ထုတ်လုပ်ရန် ဖိတ်ခေါ်လိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဧရာဝတီ-ကျောက်ဖရား- မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်စ်မက်) အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင် လျက်ရှိသကဲ့သို့ ဗီယက်နမ်နိုင်ငံအနေဖြင့်လည်း ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ် အမ်ဗွီ) အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင် လျက်ရှိရာ နှစ်နိုင်ငံအကြား အဆိုပါဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု မူဘောင်များအောက်မှလည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံက ဦးဆောင်သော မြန်မာ့ကိုယ်ပိုင် နည်းလမ်းဖြင့် အာဆီယံနှင့် ဆက်ဆံရေးတိုးတက် စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာ နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများကို အပြု သဘောဆောင်ကြိုဆိုသည့် ဗီယက်နမ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို အသိအမှတ်ပြု ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ၌ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုအပေါ် ဂုဏ်ပြုပါကြောင်း၊ ဗီယက်နမ်တွင်လည်း ဗီယက်နမ် ကွန်မြူနစ်ပါတီ၏ (၁၄) ကြိမ်မြောက် အမျိုးသားပါတီ ကွန်ဂရက်ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး နိုင်ငံရေး၊ စီးပွားရေး မဟာဗျူဟာများကို ချမှတ်ဆောင်ရွက် လျက်ရှိရာ ယခုအချိန်သည် နှစ်နိုင်ငံစလုံးအတွက် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အချိန်အခါကောင်းဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား နှစ်နိုင်ငံဆက်ဆံရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုနှင့် ဒေသတွင်း နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုစသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင် သွားလိုကြောင်း၊ အာဆီယံ၊ ကုလသမဂ္ဂနှင့် အခြားသော အပြည်ပြည်ဆိုင်ရာ မူဘောင်များတွင် မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝနှင့် တန်းတူ အခွင့်အရေးရရှိရေးအတွက် ဗီယက်နမ်နိုင်ငံက ဆက်လက်ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် လူမှု - ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ကြိုးပမ်းမှုများကို ထောက်ခံကြောင်း၊ နှစ်နိုင်ငံ အကြား အာဆီယံ၊ အက်စ်မက်နှင့် စီအယ်လ်အမ်ဗွီတို့ အပါအဝင်ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

## လက်မှတ်ရေးထိုး

အစည်းအဝေးအပြီးတွင် နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးများက ပူးတွဲကော်မရှင် အစည်းအဝေး၏ သဘောတူညီချက်မှတ်တမ်းကို လက်မှတ်ရေးထိုး ခဲ့ကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံနှင့် ဗီယက်နမ် နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ ပါဝင်တက်ရောက် ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးနှင့် ကိုယ်စားလှယ် အဖွဲ့အား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Le Hoai Trung နှင့်အဖွဲ့သည် နေပြည်တော်မှ ပြန်လည်ထွက်ခွာရာ ဒုတိယဝန်ကြီး ဦးကိုကိုကျော် နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ လိုက်ပါပို့ဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်အမှာစကားပြောကြား



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် တက်ရောက်လာကြသူများ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှုးရုံးကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့များမှ စစ်သည်၊ စစ်သမီးများက တီးမှုတ်၊ သီဆို၊ ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြစဉ်။

နေပြည်တော် ဩဂုတ် ၂၆

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနုသုခုမ ပညာရပ်များကို မတိမ်ကော၊ မပပျောက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန်၊ အနုသုခုမပညာရပ်များမှတစ်ဆင့် နိုင်ငံသားတိုင်း၏ နှလုံးသား၌ ဇာတိသွေး၊ ဇာတိမာန်များကို အရင်းခံသည့် မျိုးချစ်စိတ်များ ပွင့်လန်းရှင်သန်စေရန်နှင့် မိမိတို့တပ်ဖွဲ့များ၏ အနုပညာအရည်အသွေးများ မှန်မှန်ကန်ကန် တိုးတက် ဖြစ်ထွန်းလာအောင် ဝါရင့်၊ သမ္မာရင့်အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများ ထံမှ စစ်မှန်သည့် အနုပညာအမွေအနှစ်များကို ဆက်ခံပြီး မျိုးဆက်သစ်ပညာရှင်များဖြစ်စေရန် ရည်ရွယ်ကျင်းပပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၁၉) ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပပြုလုပ်ရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အကဲဖြတ်ဝါရင့်အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင်စစ်သည်၊ စစ်သမီးများ တက်ရောက်ကြသည်။

ဦးစွာ စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ရဲရင့်အောင်တို့က ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက ၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် ပြည်သူ့ဆက်ဆံရေးတပ်များ၏ တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲများကို ကျင်းပခြင်းသည် ပြည်သူ့ဆက်ဆံရေးတပ်များတွင် တာဝန်ထမ်းဆောင်နေကြသည့် စစ်သည်၊ စစ်သမီးများ၏ အနုပညာအရည်အသွေး ပိုမိုတိုးတက်မြင့်မားလာစေရန်၊ မြန်မာ့အငြိမ့်သဘင် တိမ်ကောပပျောက်မှု မရှိစေရန်၊ အဆင့်အတန်း တိုးတက်မြင့်မားစေရန်၊ မြန်မာမှုစစ်စစ် အနုသုခုမ ပညာရပ်အဖြစ် ထည်ဝါစွာ ရပ်တည်နိုင်ရန်၊ အငြိမ့်ပညာရပ်များ၊ မြန်မာ့ဆိုင်းနှင့်ပတ်သက်သည့် သဘင်သုခုမအနုပညာရပ်များတွင် အရည်အသွေးပိုမိုမြင့်မား တိုးတက်လာစေရန်နှင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတပ်များ၏ မူလရည်မှန်းချက်တာဝန်များဖြစ်သည့် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်စသည့် လုပ်ငန်းတာဝန်များကို ပိုမိုအောင်မြင်စွာထမ်းဆောင်နိုင်ပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေသည့် အနုပညာစွမ်းအားများ မြင့်မားစေရေးတို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း။ စာပေ၊ ဂီတ အနုသုခုမဆိုသည်မှာ လူတို့၏စိတ်ကို နူးညံ့ပျော့ပျောင်းစေသကဲ့သို့ မျိုးချစ်စိတ်ဓာတ်နှင့် စစ်သွေးစစ်မာန်တို့ကိုလည်း နိုးထစေကြောင်း၊ မြန်မာ့သမိုင်းတွင် ငါးစီးရှင်ကျော်စွာသည် "ကာချင်း"ကို ကိုယ်တိုင်ရေးသားစပ်ဆိုခဲ့ပြီး ရဲမက်အပေါင်းတို့သည် ဒိုင်း၊ ဓား၊ လှံတို့ကိုကိုင်ပြီး ညီညာဖြဖြသီဆိုကာ ကခုန်ခဲ့ကြကြောင်း။

လွတ်လပ်ရေး ကြိုးပမ်းမှုကာလများတွင်လည်း မြန်မာတို့၏ လွတ်လပ်ရေးမျှော်မှန်းချက်နှင့်အတူ အမျိုးသားရေးတေးသီချင်းများစွာလည်း ပေါ်ထွန်းလာခဲ့ကြောင်း၊ ထိုသို့ ဂီတအနုသုခုမစွမ်းဆောင်ရည်ကြောင့် မြန်မာတစ်မျိုးသားလုံး အမျိုးသားရေးစိတ်ဓာတ်များ ပြန်လည်နိုးကြားလာခဲ့ပြီး လွတ်လပ်ရေးဆိုသည့် ပန်းတိုင်ကို ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း။

ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ဖွဲ့များ၊ အသံလွှင့်တပ်ဖွဲ့များ၊ မြဝတီရုပ်မြင်သံကြားတပ်ဖွဲ့များ၊ သတင်းစာတိုက် တပ်ဖွဲ့များသည် ပြည်သူနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိတွေ့နေသည့် တပ်ဖွဲ့များဖြစ်ကြောင်း၊ တစ်နည်းဆိုပါက တပ်မတော်နှင့်ပြည်သူအကြား ပေါင်းကူးတံတားများ ဖြစ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်အောင် ကျွမ်းကျင်ရာ အနုသုခုမ ပညာရပ်များနှင့် ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဆိုသည့် တာဝန်သုံးရပ်သည် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်များ၏ မူလရည်မှန်းချက်တာဝန်များ ပင်ဖြစ်ကြောင်း၊ မူလရည်မှန်းချက် တာဝန်သုံးရပ်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရန် အတွက် တပ်ဖွဲ့ဝင်တိုင်းတွင် ပင်ကိုဗီဇ၊ ဝါသနာ၊ ပါရမီဆိုသည့် စိတ်အခြေခံကောင်းများ ကနဦးရှိနေရန်လည်း လိုအပ်ကြောင်း၊ စိတ်အခြေခံ ကောင်းများမှတစ်ဆင့် စာပေ၊ ဂီတ၊ အနုပညာဆိုသည့် ကျွမ်းကျင်ရာနယ်ပယ်ကို ဝင်ရောက်ပြီး တပ်ဖွဲ့၏ မူလတာဝန်သုံးရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတော်နှင့် တပ်မတော်အတွက် မရှိမဖြစ်သည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်းစဉ်များ ပိုမိုပီပြင်စေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

အမျိုးသား ယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံ၏ တိုင်းရင်းသားလူမျိုးများအတွက် အသက်နှင့်ထပ်တူ တန်ဖိုးထားထိန်းသိမ်းရမည့် ဘိုးဘွားအမွေအနှစ်တစ်ခုပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ ဖြစ်တည်မှုသမိုင်း အစမှတစ်ဆင့် လွတ်လပ်ရေးနှင့်အတူ ပိုင်ဆိုင်ခဲ့သည့် မြန်မာ့သုခုမ အနုပညာရပ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မိမိတို့နိုင်ငံတော်၏ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရာ ရောက်သည်ကို လေးလေးနက်နက် သိမြင်နားလည်ထားကြရန် လိုကြောင်း။

**လက်ဆင့်ကမ်း အမွေအဖြစ် ပေးအပ်**

လက်ရှိ မျိုးဆက်များမှတစ်ဆင့် နောင် မျိုးဆက်သစ်များထိတိုင် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းချစ်မြတ်နိုးသည့်စိတ်၊ စောင့်ရှောက်လိုသည့်စိတ်စသော စိတ်အခြေခံကောင်းများကို ထာဝစဉ်ရှင်သန်နေအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များကို တန်ဖိုးထား မြတ်နိုးတတ်စေမည့် စိတ်အမြုတေ ကောင်းများကို လက်ဆင့်ကမ်းအမွေအဖြစ် ပေးအပ်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

မိမိတို့ နှလုံးသားထဲတွင် ပိုင်ဆိုင်ထားသည့် အနုပညာ၊ ပင်ကိုရှိပြီးသည့် အနုပညာဗီဇ၊ ပါရမီတို့နှင့်အတူ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ် အစစ်အမှန်ကို ဖော်ထုတ်ပြသကြရမည့် ပြိုင်ပွဲတစ်ရပ်ဆိုသည့် အသိထက်ကျော်လွန်ပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်အပေါ် စောင့်ရှောက်နိုင်ရန်ဆိုသည့် အသိ၊ တပ်ဖွဲ့ဝင်များ၏ အနုပညာ ကိုယ်ရည်ကိုယ်သွေး မြင့်မားရေးဆိုသည့် အသိများထိတိုင် ရှုမြင်ပြီး မဆုတ်မနစ် ကြိုးစား ယှဉ်ပြိုင်လျှောက်လှမ်းသွားကြရန် လိုအပ်ကြောင်း။

အတိတ် သမိုင်းစဉ်တွင် အောင်မြင်စွာ ကမ္ပည်းထိုးနိုင်ခဲ့သည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး စစ်သည်တော်ကောင်းများနည်းတူ တပ်ဖွဲ့ဝင်များ၏ တစ်မူထူးခြားသည့် အနုပညာ အရည်အသွေးကို မှတ်ကျောက်တင်ခံနိုင်၍ တပ်ဖွဲ့၏ဂုဏ်ကို ဆက်လက်မြင့်တင်ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် မျိုးဆက်သစ်တပ်ဖွဲ့ဝင်များ ဖြစ်အောင် ကြိုးပမ်းလျှောက်လှမ်းသွားကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့များမှ စစ်သည်၊ စစ်သမီးများက တီးမှုတ်၊ သီဆို၊ ကပြဖျော်ဖြေတင်ဆက်မှုများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

အခမ်းအနား အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနား တက်ရောက်လာကြသည့် အကဲဖြတ်အဖွဲ့ အနုပညာရှင်ကြီးများနှင့် စစ်သည်၊ စစ်သမီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲများကို ကွပ်ကဲမှုအောက်တပ်များမှ စစ်သည်၊ စစ်သမီးများဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ခေတ်ဟောင်းတေး၊ ခေတ်ပေါ်တေး၊ ကာလပေါ်တေး၊ အငြိမ့်ပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ မြန်မာ့ဆိုင်းပြိုင်ပွဲ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု (စိတ်ကြိုက်) ယိမ်းအက၊ နှစ်ပါးသွားအက၊ ပြဇာတ်ပြိုင်ပွဲ၊ ခေတ်ပေါ်တီးဝိုင်း၊ မျက်လှည့်ပြိုင်ပွဲနှင့် အရေးပြိုင်ပွဲများပါဝင်ပြီး ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

---

# အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေး

မော်ဘီ ဩဂုတ် ၂၆

မော်ဘီမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော မော်ဘီမြို့နယ်ရှိ ရတနာစတီး သံရည်ကျိုမှ အာမခံအလုပ်သမား မောင်ဇင်ကိုလတ်၏ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ပေးအပ်ခြင်းကို ဩဂုတ် ၂၁ ရက်က ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက အမှာစကားပြောကြားပြီး အာမခံအလုပ်သမား မောင်ဇင်ကိုလတ်၏ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၇၂၀၀၀၀၀ အား ကျန်ရစ်သူ၏ဇနီးဖြစ်သူ မချောစုထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကောင်းမြတ်သူ(မော်ဘီ)

---

# လှိုင်ကော်မြို့၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

လှိုင်ကော် ဩဂုတ် ၂၆

ကယားပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လှိုင်ကော်မြို့ ပန်ကန်းကျေးရွာ ဗေဒါလမ်း ပေ ၄၀၀၀ ရှိသည့်အနက် အပိုင်း(၂) ပေ ၂၀၀၀ အား ကတ္တရာလမ်းခင်းရန် သုံးလက်မအောက်ခံ ကျောက်အကျယ် ၁၄ ပေ၊ အမြင့် ခြောက်လက်မဒုခင်းခြင်း ဆောင်ရွက်နေမှုကို စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ(ရုံးချုပ်)မှ လမ်း Level တိုင်းတာစစ်ဆေးသူများက ဩဂုတ် ၂၅ ရက်တွင် အရည်အသွေးစစ်ဆေးခဲ့ကြောင်း သိရသည်။

မေစု(ပြန်/ဆက်)

# PRI-FLOWS နဲ့ ကာကွယ်မယ်၊ မိမိကိုယ်ရေးအချက်အလက်ကိုကွယ်

မိုးကတစ်ချက်နှစ်ချက် ခပ်သည်းသည်းလေး ရွာပြီး ရပ်သွားတော့ ပူစပ်ပူလောင်နဲ့ကျန်ခဲ့တယ်။ ၅ လွှာတိုက်ခန်းရဲ့ဝရန်တာမှာ လေညင်းခံဖို့ ရပ်နေရင်း အိမ်ရှေ့လမ်းမပေါ်က ဖြတ်သွားဖြတ်လာလုပ်နေကြတဲ့လူတွေကို ငေးကြည့်နေမိတယ်။ ခဏနေတော့ ပျင်းလာတာနဲ့ မိန်းခလုတ်ကိုချ၊ တိုက်ခန်းရဲ့အဝင်တံခါးကို သော့တစ်ထပ်ခတ်၊ ဝရန်တာတံခါးကို သော့တစ်ထပ်ခတ်ပြီးမှ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာထိုင်ဖို့ ထွက်လာလိုက်တယ်။ နေ့လယ်နေ့ခင်းဖြစ်နေရင်လည်း သော့နှစ်ထပ်ခတ်နိုင်မှ ကိုယ့်အိမ်၊ ကိုယ့်အခန်း လုံခြုံမှာပါ၊ ဖြစ်လာမှဖြေရှင်းတာထက် မဖြစ်ခင်ကြိုတင်ကာကွယ်တာက အကောင်းဆုံးပဲလေ။

လက်ဖက်ရည်ဆိုင်က နှစ်ထပ်ဆိုင်မို့လို့ အပေါ်ထပ်ကို တက်လာလိုက်တယ်။

"ဟာ ... မောင်ဖိုးသား၊ ဒီကိုလာ ..."

ဆိုင်ရဲ့အပေါ်ထပ်မှာ မတွေ့ရတာကြာနေတဲ့ ကျောင်းနေဖက်သူငယ်ချင်းနဲ့ဆုံတော့ ကျွန်တော့်ကို ဝမ်းသာအားရလှမ်းခေါ်တယ်။ ကျွန်တော်က သူထိုင်နေတဲ့ဆိုင်ရဲ့ထောင့်ဘက် လက်ဖက်ရည်ဝိုင်းမှာ ဝင်ထိုင်လိုက်ပြီး ...

"ဝလာလိုက်တာ သူငယ်ချင်းရာ။ မင်းကို ကြည့်ရတာ အဆင်ပြေနေပုံပဲ ..."

"ဒီမှာ သူငယ်ချင်းရေ ...၊ အဆင်ပြေလည်း ပြေအောင်နေ၊ အဆင်မပြေလည်း ပြေအောင် ကြိုးစားပြီးနေ ... ဒါမှ စိတ်ချမ်းသာရမှာပေါ့ကွာ"

အေးပါကွာ ဟုတ်ပါပြီလို့ ရယ်ရယ်မောမောနဲ့ ပြန်ပြောရင်း အနားကိုရောက်လာတဲ့ စားပွဲထိုးလေးကို ပုံမှန်တစ်ခွက်ပေးပါလို့ မှာလိုက်တယ်။ ပြီးတော့ သူငယ်ချင်းကိုကြည့်ပြီး ...

"ပြောပါဦးကွာ။ မင်းအခုဘာတွေလုပ်နေလဲ"

သူငယ်ချင်းက လက်ကာပြပြီး ...

"ခဏလေးသူငယ်ချင်း။ ငါကားသော့ခတ်ခဲ့လား မခတ်ခဲ့လားမသိဘူး။ အခုမှ မင်းနဲ့စကားပြောရင်း ကားသော့ကို သတိရသွားလို့ ..."

ငါသွားရှာလိုက်ဦးမယ်၊ ဖုန်းလာရင်ကိုင်ထားလိုက်လို့ ဆက်ပြောရင်း ခပ်သွက်သွက်လေး ထွက်သွားတယ်။ သူထွက်သွားပြီးခဏနေတော့ စားပွဲထိုးလေးက လက်ဖက်ရည်လာချပေးတယ်။ ကျွန်တော်က လက်ဖက်ရည်ကို မှုတ်သောက်လိုက်တဲ့အချိန်မှာ သူ့ဖုန်းက ဖုန်းဝင်လာတယ်။ သူက ဖုန်းကိုင်ဖို့မှာထားတာနဲ့ ဖုန်းကိုကောက်ကိုင်လိုက်တယ်။

"အေး သူငယ်ချင်း ... ငါထိုင်ခဲ့တဲ့ စားပွဲအောက်မှာ တစ်ချက်ကြည့်ကြည့်ပါဦးကွာ။ ဒီမှာရှာမတွေ့လို့ ..."

ကျွန်တော်က ဖုန်းကိုကိုင်ထားရင်း စားပွဲအောက်ကိုငုံ့ကြည့်လိုက်တော့ သူထိုင်ခဲ့တဲ့ဘက် အမှိုက်ခြင်းလေးနားမှာ ကားသော့ကို လှမ်းတွေ့လိုက်ရတယ်။

"တွေ့ပြီဟေ့ကောင်ရေ ... ပြန်လာတော့ ..."

ကျွန်တော်က ဖုန်းချလိုက်ပြီး သူထိုင်ခဲ့တဲ့ဘက်မှာ ဖုန်းကိုပြန်ထားလိုက်တယ်။ သူ့ဖုန်းမှာ နိုတီတွေတအားတက်တာ သတိထားမိလိုက်တယ်။ အွန်လိုင်းတော်တော်သုံးပုံရပါတယ်။ ခဏနေတော့ မောကြီးပန်းကြီးနဲ့ ရောက်ချလာတယ်။

"ဟူး ... မောလိုက်တာကွာ"

ကျွန်တော်က သူ့ကိုပြုံးပြီးကြည့်ရင်း ...

"မင်းဖုန်း Password တွေပါ မေ့တတ်ရင်တော့ ဒုက္ခပဲ ..."

"ငါကမေ့တတ်လို့ ဘာ Password မှ မထားဘူး"

"အဲဒီလိုမလုပ်ရဘူးလေ ... မေ့တတ်တယ်ဆိုရင်လည်း ကိုယ့်မှတ်ပုံတင်နံပါတ်နဲ့ ကိုယ့်နာမည် အတိုကောက်နဲ့တွဲပြီး Password ထားတာမျိုး လုပ်သင့်တယ်"

အေး ... အေး လုပ်လိုက်မယ်လို့ ကျွန်တော့်ကို ပေါ့ပေါ့လေးပြန်ပြောတယ်။ ကျွန်တော်က ...

"မင်းရဲ့ဖုန်းက နိုတီတအားတက်တယ်။ အွန်လိုင်းတွေမှာ အစုံသုံးတယ်ထင်တယ်"

"ငါက အွန်လိုင်းနဲ့အလုပ်လုပ်ရတာကိုကွာ။ ပြီးတော့ ..."

ကျွန်တော်က လက်ကာပြလိုက်ပြီး ...

"အဲဒါဆိုရင်တော့ Personal Data တွေ ကာကွယ်တတ်ဖို့ လိုအပ်မယ်သူငယ်ချင်း"

သူက ကျွန်တော့်ကို နားမလည်နိုင်သလို ကြည့်ပြီး ...

"Personal Data ဆိုတာက ... ဘာလဲ"

"ကိုယ်ရေးကိုယ်တာ အချက်အလက်ပေါ့ကွာ...။ ဒီနေ့ခေတ် ဒီဂျစ်တယ်ကမ္ဘာမှာ ကိုယ်ရေးကိုယ်တာအချက်အလက် (Personal Data) ဆိုတာ ငွေကြေးနဲ့တန်ဖိုးတူတဲ့ ဒီဂျစ်တယ်ပိုင်ဆိုင်မှုတစ်ခုပဲကွာ။ ဒါကြောင့် ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို သေသေချာချာထိန်းသိမ်းထားသင့်တယ်။ Personal Data ဟာ လူတစ်ယောက်ချင်းကို တိုက်ရိုက်ပဲဖြစ်ဖြစ်၊ သွယ်ဝိုက်လို့ပဲဖြစ်ဖြစ် ဖော်ထုတ်နိုင်တဲ့အချက်အလက်တွေကိုဆိုလိုတာ။ ဥပမာ - နာမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ လိပ်စာ၊ ဖုန်းနံပါတ်၊ Email လိပ်စာ၊ ဘဏ်အကောင့်နဲ့ ငွေပေးချေမှုဆိုင်ရာအချက်အလက်တွေ၊ စကားဝှက် (Password)၊ လုံခြုံရေးကုဒ်တွေ (OTP)၊ ဓာတ်ပုံ၊ ဗီဒီယိုနဲ့တည်နေရာ (Location) အချက်အလက်တွေ၊ လူမှုကွန်ရက်အကောင့်နဲ့ အသုံးပြုမှုမှတ်တမ်းတွေပါတယ်"

သူငယ်ချင်းက စိတ်ဝင်တစားနားထောင်ရင်း "အဲဒါကြောင့်လားမသိဘူးကွာ... ငါ့အကောင့်တွေမှာ ဆိုရင် မသိတဲ့စက်တွေကနေ ဝင်ဖို့ကြိုးစားနေတယ်ဆိုပြီး လော့ဂ်အင် (Login) သတိပေးချက်တွေ ခဏခဏတက်လာတတ်တယ်။ နောက်ပြီး Messenger ကနေလည်း သူငယ်ချင်းတွေရဲ့ အကောင့်တွေကတစ်ဆင့် အရေးပေါ်ပိုက်ဆံချေးတဲ့စာတွေ၊ ဆုကြီးပေါက်တယ်ဆိုပြီးနှိပ်ခိုင်းတဲ့ မသင်္ကာစရာလင့်ခ် (Link)တွေ မကြာခဏ ရောက်ရောက်လာတယ်။ ငါကတော့ အလုပ်များတာနဲ့ သိပ်ဂရုမစိုက်မိဘူး။ ဒါပေမဲ့ အခုမင်းပြောတာတွေကြားရတော့မှ ငါ့အချက်အလက်တွေများ ပေါက်ကြားနေပြီလားလို့စိုးရိမ်လာတယ်။ အသေးစိတ်လေးပြောပြကွာ... ငါစိတ်ဝင်စားတယ်" လို့ ပြောတာနဲ့....

"ငါတို့တွေ တစ်ရက်တစ်ရက် အွန်လိုင်းသုံးနေရင်းနဲ့ ကိုယ့်ရဲ့အချက်အလက်တွေကို အင်တာနက်ပေါ်မှာ ချန်ထားမိတတ်တယ်။ ကော်ဖီဆိုင်မှာ Wifi သုံးပြီး မေးလ်စစ်တာ၊ ဖုန်းထဲက "သင်နဲ့တူတဲ့အနုပညာရှင်ကဘယ်သူလဲ" ဆိုတဲ့ ပဟေဠိတွေကို ဖြေကြည့်တာမျိုး၊ ဒါမှမဟုတ် သူငယ်ချင်းတစ်ယောက်ဆီကရောက်လာတဲ့ Link ကို ချက်ချင်းနှိပ်မိတာမျိုးတွေက ပျော်စရာကိစ္စတစ်ခု၊ ပုံမှန်လုပ်ရိုးလုပ်စဉ်တစ်ခုလို့ ထင်ရနိုင်တယ်။ ဒါပေမဲ့ အဲဒီလုပ်ဆောင်ချက်တွေကနေတစ်ဆင့် ငါတို့ရဲ့ကိုယ်ရေးအချက်အလက်တွေကို မသမာသူတွေက စောင့်ကြည့်၊ စုဆောင်းဖို့အတွက် ဝေမျှနေတာလို့ မင်းတွေးမိဖူးလား ..."

သူငယ်ချင်းက ခေါင်းရမ်းပြပြီး အဲဒီအချက်အလက်တွေပေါက်ကြားရင် ဘာတွေဖြစ်နိုင်လဲလို့ မေးတယ်။

"ကိုယ်ရေးအချက်အလက်တွေကို မသမာသူတွေရသွားပြီဆိုရင် ကိုယ်ရေးအချက်အလက်အတု အသုံးပြုခံရမယ်၊ ဖေ့စ်ဘွတ်၊ အီးမေးလ်၊ ဘဏ်အကောင့်တွေကို ခိုးယူဖို့ကြိုးစားမယ်၊ ငွေလိမ်တောင်းမယ်၊ ကိုယ့်ရဲ့ဓာတ်ပုံနဲ့အချက်အလက်တွေကို ခွင့်ပြုချက်မရှိဘဲအသုံးပြုမယ်၊ ကိုယ်ရေးကိုယ်တာလုံခြုံမှုနဲ့ ဂုဏ်သိက္ခာထိခိုက်တာတွေ ဖြစ်နိုင်တယ်။ ဒါကြောင့် ကိုယ်ရေးအချက်အလက်တွေကို သာမန်အချက်အလက်တစ်ခုလို့မယူဆဘဲ ကာကွယ်ရမယ့် ဒီဂျစ်တယ်ပိုင်ဆိုင်မှုတစ်ခုလို့ သဘောထားရမယ်"

"အဲဒါဆို ဘယ်လိုလုပ်ရမလဲ ..."

အွန်လိုင်းမသုံးနဲ့ပေါ့ကွ...လို့ ကျွန်တော်က စလိုက်တော့ မျက်နှာကြီးရှုံ့မဲ့ပြီး ...

"မရဘူးလေကွာ မင်းကလည်း ...၊ ငါက အွန်လိုင်းနဲ့အလုပ်လုပ်နေရတာကို ..."

ကျွန်တော်ကရယ်လိုက်ပြီး ...

"စတာပါကွာ...။ ငါပြောပြမယ်...။ ဒီလိုကွာ ... ကော်ဖီဆိုင်တို့၊ လေဆိပ်တို့၊ စားသောက်ဆိုင်တို့၊ ဟိုတယ်တို့မှာ Free Wifi လို့ခေါ်တဲ့ Public Wifi တွေရှိတယ်။ အဲဒီ Public Wifi တွေမှာက လုံခြုံရေး အားနည်းချက်ရှိတယ်။ မသမာသူတွေက အဲဒီ အားနည်းချက်ကိုအသုံးချဖို့ ချောင်းနေတာကွ။ Public Wifi နဲ့ သုံးဖြစ်တယ်ဆိုရင် အရေးကြီး အကောင့်တွေကို Login ဝင်တာတို့၊ Online Banking သုံးတာတို့၊ Digital Payment သုံးတာတို့ ရှောင်သင့်တာပေါ့ကွာ။

ကျွန်တော်ကချည်းပဲ စကားတွေပြောနေမိလို့ သူငယ်ချင်းရဲ့အခြေအနေကိုလည်း ကြည့်ရပါသေးတယ်။ သူ့ကိုကြည့်ရတာတော့ တကယ်ကို စိတ်ဝင်တစားနဲ့နားထောင်နေတာ တွေ့ရတယ်။

အမည်မသိတဲ့သူတွေဆီက ပို့လာတဲ့ဖိုင်တွေကို မဖွင့်နဲ့။ အဲဒီဖိုင်ကနေ ဖုန်း၊ ကွန်ပျူတာကို ထိခိုက်စေနိုင်တဲ့ Malware ဒါမှမဟုတ် Virus တွေ ပါလာတတ်တယ်။ ဖုန်းမက်ဆေ့ချ်တွေ၊ မေးလ်တွေ၊ လူမှုကွန်ရက်တွေကတစ်ဆင့် ရောက်လာတဲ့ သံသယဖြစ်စရာ Link တွေကို မနှိပ်နဲ့။ Phishing တိုက်ခိုက်မှုတွေက Link တွေကို ခဏခဏအသုံးပြုတတ်ကြလို့ပဲ။ ပြီးတော့ ဘဏ်နဲ့ အွန်လိုင်းဝန်ဆောင်မှုတွေကနေပို့လာတဲ့ OTP ကို သိတယ်မဟုတ်လား။ အဲဒါက ဘယ်သူ့ကိုမှ ပြလို့မရဘူး။ အဲဒီ OTP က မင်းရဲ့အကောင့်ထဲကိုဝင်သွားနိုင်တဲ့ အရေးကြီးလုံခြုံရေးကုဒ်ပဲ။ နောက်ဆုံးတစ်ခုက... လူမှုကွန်ရက်တွေပေါ်မှာ ကိုယ်ရေးကိုယ်တာအချက်အလက်တွေကို အလွန်အကျွံမျှဝေတာတွေ မလုပ်နဲ့။ မှတ်ပုံတင်နံပါတ်၊ နေရပ်လိပ်စာ၊ ခရီးသွားနေတဲ့အချိန်နဲ့ တည်နေရာလိုမျိုး အရေးကြီးတဲ့အချက်အလက်တွေကို လူမှုကွန်ရက်တွေပေါ်မှာ အလွန်အကျွံမမျှဝေသင့်ဘူး

**မောင်ဖိုးသား**

သူက ရေနွေးကြမ်းသောက်ရင်း ကျွန်တော့်ကို ပြုံးကြည့်ပြီး ဆက်ပြောလေကွာလို့ပြောတယ်။

"အွန်လိုင်းလုံခြုံရေးနဲ့ ကိုယ်ရေးအချက်အလက်တွေကို ကာကွယ်နိုင်တဲ့ အခြေခံနည်းလမ်းတွေ ဆက်ပြောပြမယ်။ အရင်ဆုံးကတော့ Account Password တွေပေါ့ကွာ။ ခန့်မှန်းရခက်ပြီး ခိုင်မာတဲ့ Password ကို သုံးရမယ်။ မင်းမေ့တတ်တယ်ဆိုရင် စာအုပ်အသေးလေးတစ်အုပ် ဆောင်ထားပြီး မှတ်ထားပေါ့။ အကောင့်တိုင်းမှာ Password တူနေတာကို ရှောင်ရမယ်။ ဖြစ်နိုင်ရင် Two-Factor Authentication (2FA) သုံးပြီး လုံခြုံရေးအလွှာ ထပ်တိုးထားရမယ်။ နောက်တစ်ခုက ကိုယ့်ရဲ့ဘဏ်အကောင့်၊ ငွေပေးချေမှုမှတ်တမ်းတွေနဲ့ အကောင့်လှုပ်ရှားမှုတွေကို ပုံမှန်စစ်ဆေးရမယ်။ မသင်္ကာစရာလှုပ်ရှားမှုတစ်ခုခုတွေ့တာနဲ့ ချက်ချင်းတုံ့ပြန်ရမယ်။ ပြီးတော့ ဝက်ဘ်ဆိုက် ဒါမှမဟုတ် Application တစ်ခုမှာ ကိုယ်ရေးအချက်အလက်တွေ မဖြည့်ခင် သူ့ရဲ့တရားဝင်မှုနဲ့ လုံခြုံမှု ရှိ-မရှိကို သေချာစစ်ရမယ်"

ကျွန်တော်က ပြောလက်စခဏရပ်ပြီး ရေနွေးကြမ်းကို တစ်ငုံသောက်လိုက်တယ်။ လည်ချောင်းရှင်းလိုက်ပြီး ...

"ကျန်သေးတယ်။ ဆက်ပြောပြဦးမယ်။ **အမည်မသိတဲ့သူတွေဆီကပို့လာတဲ့ ဖိုင်တွေကို မဖွင့်နဲ့။ အဲဒီဖိုင်ကနေ ဖုန်း၊ ကွန်ပျူတာကို ထိခိုက်စေနိုင်တဲ့ Malware ဒါမှမဟုတ် Virus တွေ ပါလာတတ်တယ်။ ဖုန်းမက်ဆေ့ချ်တွေ၊ မေးလ်တွေ၊ လူမှုကွန်ရက်တွေကတစ်ဆင့် ရောက်လာတဲ့ သံသယဖြစ်စရာ Link တွေကို မနှိပ်နဲ့။ Phishing တိုက်ခိုက်မှုတွေက Link တွေကို ခဏခဏအသုံးပြုတတ်ကြလို့ပဲ။ ပြီးတော့ ဘဏ်နဲ့ အွန်လိုင်းဝန်ဆောင်မှုတွေကနေပို့လာတဲ့ OTP ကို သိတယ်မဟုတ်လား။ အဲဒါက ဘယ်သူ့ကိုမှ ပြလို့မရဘူး။ အဲဒီ OTP က မင်းရဲ့အကောင့်ထဲကို ဝင်သွားနိုင်တဲ့ အရေးကြီးလုံခြုံရေးကုဒ်ပဲ။ နောက်ဆုံးတစ်ခုက... လူမှုကွန်ရက်တွေပေါ်မှာ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို အလွန်အကျွံ မျှဝေတာတွေ မလုပ်နဲ့။ မှတ်ပုံတင်နံပါတ်၊ နေရပ်လိပ်စာ၊ ခရီးသွားနေတဲ့အချိန်နဲ့ တည်နေရာလိုမျိုး အရေးကြီးတဲ့အချက်အလက်တွေကို လူမှုကွန်ရက်တွေပေါ်မှာ အလွန်အကျွံမမျှဝေသင့်ဘူး"**

"ကျေးဇူးတင်လိုက်တာကွာ။ ဒါပေမဲ့ မင်းပြောတာတွေကို ငါရုတ်တရက်မှတ်မိဖို့ခက်လို့ သတိကြီးကြီးထားမိနိုင်ဖို့ ဘယ်လိုမှတ်ရင် အလွယ်တကူမှတ်မိနိုင်မလဲ သူငယ်ချင်း"

"အလွယ်အတွက်က PRI-FLOWS နဲ့ မှတ်လိုက် သူငယ်ချင်း။ PRI-FLOWS ဆိုတာက ...

**P. Password (စကားဝှက်)။** စကားဝှက်တွေနဲ့ ပတ်သက်ပြီး သေချာရှင်းပြရရင် ကိုယ့်အကောင့်တွေကိုကာကွယ်ဖို့ ခိုင်မာတဲ့စကားဝှက်တွေ သတ်မှတ်ထားဖို့လိုတယ်။ ဥပမာ - နာမည်၊ ဖုန်းနံပါတ်၊ မွေးသက္ကရာဇ် စတဲ့ ခန့်မှန်းရလွယ်တာမျိုးတွေမသုံးဘဲ စာလုံးကြီး၊ စာလုံးသေး၊ ဂဏန်းနဲ့ အထူးသင်္ကေတ (@, #, $) တွေကို ရောနှောသုံးသင့်တယ်။ အကောင့်တစ်ခုနဲ့တစ်ခု စကားဝှက်တူညီနေတာမျိုးလည်း မဖြစ်ရဘူး။

**R. Regular check (ပုံမှန်စစ်ဆေးတာ)။** ကိုယ့်ရဲ့ဘဏ်အကောင့်ထဲက ငွေအဝင်အထွက်တွေ၊ လူမှုကွန်ရက်တွေမှာ လော့ဂ်အင် (Login) ဝင်ထားတဲ့အခြေအနေတွေကို အမြဲပုံမှန်စစ်ဆေးနေဖို့ လိုတယ်။

စာမျက်နှာ ၇ သို့ ✣

✣ စာမျက်နှာ ၆ မှ

အထူးသဖြင့် ကိုယ်မသိတဲ့စက်ကနေ ဝင်ရောက်ထားတာ ရှိ မရှိ၊ သံသယဖြစ်စရာ ငွေလွှဲပြောင်းမှုတွေ ရှိမရှိ ဆိုတာကို သတိထားပြီး မျက်ခြည်မပြတ် စောင့်ကြည့်ဖို့ အရေးကြီးတယ်။

**I. Inspection (သေချာကြည့်ရှုစစ်ဆေးတာ)။** အွန်လိုင်းကနေဝင်လာတဲ့ အီးမေးလ်တွေ၊ မက်ဆေ့ချ်တွေ၊ အသိပေးချက်တွေကို အပေါ်ယံကြည့်ပြီးမယုံဘဲ သေချာစစ်ဆေးဖို့လိုတယ်။ ဥပမာ– ဘဏ်ကနေ ပို့တယ်ဆိုရင်တောင် တရားဝင် အီးမေးလ်လိပ်စာ ဟုတ် မဟုတ်၊ စာလုံးပေါင်း မှားယွင်းနေတာ ရှိ မရှိ သေချာကြည့်ရမယ်။ လိမ်တဲ့သူတွေက နာမည်ကို ခပ်ဆင်ဆင်လေးတွေသုံးပြီး လှည့်စားတတ်ကြတယ်။

**F. File (ဖိုင် / အချက်အလက်များ)။** အင်တာနက်ကနေဖြစ်ဖြစ်၊ စာတိုတွေကနေဖြစ်ဖြစ် ကိုယ်သေချာမသိတဲ့ဖိုင် (File)တွေ၊ အချက်အလက်တွေကို လွယ်လွယ်နဲ့ ဒေါင်းလုတ်မလုပ်ဖို့ သေချာဂရုစိုက်ရမယ်။ အဲဒီဖိုင်တွေထဲမှာ ဖုန်း ဒါမှမဟုတ် ကွန်ပျူတာက အချက်အလက်တွေကို ခိုးယူမယ့် ဗိုင်းရပ်စ် (Virus/ Malware)တွေ ပါလာနိုင်လို့ မဖွင့်ခင် သေချာစစ်ဆေးဖို့လိုတယ်။

**L. Link (လင့်ခ် / ချိတ်ဆက်မှုများ)။** မက်ဆေ့ချ်၊ အီးမေးလ်၊ ဗိုက်ဘာ (Viber) စတာတွေကနေ ရောက်လာတဲ့ မသင်္ကာစရာလင့်ခ်(Link)တွေကို ဘယ်တော့မှ အလွယ်တကူမနှိပ်မိဖို့လိုတယ်။ ဆုကြီးပေါက်တယ်ဆိုပြီး မက်လုံးပေးတာတွေ၊ အကောင့်ပိတ်မယ်ဆိုပြီး ခြောက်လှန့်တဲ့လင့်ခ်တွေက ထောင်ချောက်တွေဖြစ်တတ်လို့ သေချာဂရုစိုက်ဖို့ ပြောချင်တယ်။

**O. OTP (တစ်ကြိမ်သုံးစကားဝှက် – One–Time Password)။** ဒီနေရာမှာ အဓိကပြောချင်တာက OTP Codes တွေကို အမြဲလျှို့ဝှက်ထားသင့်တဲ့အကြောင်းပဲ။ အကောင့်ထဲဝင်ဖို့ ဖုန်းကိုရောက်လာတဲ့ OTP ဂဏန်းခြောက်လုံးဟာ ကိုယ့်ရဲ့နောက်ဆုံးခံတပ်ပဲ။ ဘဏ်ဝန်ထမ်းအစစ်ကတောင် ကိုယ့်ရဲ့ OTP ကို ဘယ်တော့မှ မတောင်းဘူးဆိုတာကို သတိထားပြီး ဘယ်သူလာတောင်းတောင်း လုံးဝမပေးဖို့ သေချာရှင်းပြချင်တယ်။

**W. Wifi (Public Wifi – အများသုံးဝိုင်ဖိုင်)။** ကော်ဖီဆိုင်တွေ၊ လေဆိပ်တွေနဲ့ ဈေးဝယ်စင်တာတွေမှာ အခမဲ့ပေးထားတဲ့ Public Wifi တွေကိုသုံးပြီး ဘဏ်အကောင့်ထဲဝင်တာ၊ ငွေလွှဲတာမျိုးတွေ လုံးဝမလုပ်သင့်ဘူး။ ဒီ Public Wifi တွေကနေ တစ်ဆင့် ဟက်ကာတွေက ကိုယ့်ရဲ့ ကိုယ်ရေးကိုယ်တာအချက်အလက်တွေကို အလွယ်တကူ ကြားဖြတ်ခိုးယူသွားနိုင်လို့ အထူးသတိထားရမယ်။

**S. Share (မျှဝေတာကို သတိထားဖို့)။** အွန်လိုင်းလူမှုကွန်ရက်တွေမှာ ကိုယ့်ရဲ့ ကိုယ်ရေးကိုယ်တာအချက်အလက်တွေ၊ ခရီးသွားမယ့်အစီအစဉ်တွေ၊ နေရပ်လိပ်စာတွေကို အလွန်အကျွံမျှဝေတာတွေကို အထူးသတိထားဆင်ခြင်ဖို့လိုတယ်။ လိမ်လည်သူတွေက ကိုယ်မျှဝေလိုက်တဲ့အချက်အလက်တွေကိုပဲ အသုံးချပြီး ခြေရာခံလိမ်လည်ဖို့ကြိုးစားတတ်လို့ သတိထားပြီးမှ မျှဝေသင့်တယ်။"

"ပြောပြပေးတာ ကျေးဇူးအများကြီးတင်ပါတယ်ကွာ ..."

သူငယ်ချင်းက သူ့မျက်နှာကြီးဝိုင်းနေအောင် ပြုံးပြီး ကျေးဇူးတင်စကားတွေပြောနေတော့တယ်။ ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် ဖုန်းနံပါတ်တွေ ပေးဖြစ်ကြတယ်။

"ကဲ ... ငါလည်းမောသွားပြီ၊ အိမ်မှာအလုပ်လေးတွေရှိသေးတယ်။ မင်းရော ပြန်တော့မလား ..."

"အေး ပြန်မယ်လေ ..."

ကျွန်တော်က စားပွဲထိုးကိုလှမ်းခေါ်ပြီး ပိုက်ဆံထုတ်တော့ ... ကျွန်တော့်လက်ကိုကာပြီး သူငယ်ချင်းက အတင်းလုရှင်းလိုက်တယ်။

"မင်းကို ငါကျေးဇူးတင်လို့ လက်ဖက်ရည်တိုက်တာ"

"အေးပါကွာ ... အေးပါ။ အမြဲတမ်းမှတ်မိနေစေဖို့ PRI–FLOWS စာလုံးလေးကိုတော့ အမြဲသတိရလိုက်နာဖို့ မှာချင်ပါတယ်သူငယ်ချင်း"

ကျွန်တော်တို့နှစ်ယောက် ဆိုင်အပေါ်ထပ်ကနေ အတူတူဆင်းလာကြပြီး သူကတော့ သူ့ကားနဲ့သူ ပြန်သွားပါတယ်။

အိမ်အပြန်ကို အတွေးများစွာနဲ့ လမ်းလျှောက်လာမိတယ်။ **တကယ်တော့ လုံခြုံတဲ့ဒီဂျစ်တယ်လူ့အဖွဲ့အစည်းတစ်ခု တည်ဆောက်ဖို့ဆိုတာ နည်းပညာတစ်ခုတည်းရဲ့ တာဝန်မဟုတ်ပါဘူး။ အသုံးပြုသူတိုင်းရဲ့ အသိပညာ၊ သတိနဲ့ တာဝန်ယူမှုအပေါ်မှာမူတည်ပါတယ်။ ကိုယ်ရေးအချက်အလက်တွေကို ဂရုတစိုက်ကာကွယ်ပြီး အွန်လိုင်းလိမ်လည်မှုတွေ၊ အကောင့်ခိုးယူမှုတွေနဲ့ ဒီဂျစ်တယ်အန္တရာယ်တွေကနေ ကိုယ်ကိုယ်တိုင်နဲ့ ကိုယ့်မိသားစုကို ကာကွယ်နိုင်ရပါမယ်။ နည်းပညာဆိုတာက ရပ်တန့်သွားမယ့်အရာမဟုတ်တဲ့အတွက် နည်းပညာတိုးတက်လာတာနဲ့အမျှ အဆင့်မြင့်တဲ့ ဒီဂျစ်တယ်အန္တရာယ်တွေကိုလည်း ကြုံတွေ့လာရနိုင်ပါတယ်။ ဒီတော့ ... ကိုယ်ရေးအချက်အလက်တွေကို PRI–FLOWS နဲ့ စနစ်တကျထိန်းသိမ်းပြီး ပိုမိုလုံခြုံစိတ်ချရတဲ့ ဒီဂျစ်တယ်ကမ္ဘာဆီကို အတူဖြတ်သန်းကြရအောင် ...။** ။

> **❝ တကယ်တော့ လုံခြုံတဲ့ဒီဂျစ်တယ်လူ့အဖွဲ့အစည်းတစ်ခု တည်ဆောက်ဖို့ဆိုတာ နည်းပညာတစ်ခုတည်းရဲ့တာဝန်မဟုတ်ပါဘူး။ အသုံးပြုသူတိုင်းရဲ့ အသိပညာ၊ သတိနဲ့ တာဝန်ယူမှုအပေါ်မှာမူတည်ပါတယ်။ ကိုယ်ရေးအချက်အလက်တွေကို ဂရုတစိုက်ကာကွယ်ပြီး အွန်လိုင်းလိမ်လည်မှုတွေ၊ အကောင့်ခိုးယူမှုတွေနဲ့ ဒီဂျစ်တယ်အန္တရာယ်တွေကနေ ကိုယ်ကိုယ်တိုင်နဲ့ ကိုယ့်မိသားစုကို ကာကွယ်နိုင်ရပါမယ်။ နည်းပညာဆိုတာက ရပ်တန့်သွားမယ့်အရာမဟုတ်တဲ့အတွက် နည်းပညာတိုးတက်လာတာနဲ့အမျှ အဆင့်မြင့်တဲ့ ဒီဂျစ်တယ်အန္တရာယ်တွေကိုလည်း ကြုံတွေ့လာရနိုင်ပါတယ်။ ဒီတော့ ... ကိုယ်ရေးအချက်အလက်တွေကို** PRI-FLOWS **နဲ့ စနစ်တကျထိန်းသိမ်းပြီး ပိုမိုလုံခြုံစိတ်ချရတဲ့ ဒီဂျစ်တယ်ကမ္ဘာဆီကို အတူဖြတ်သန်းကြရအောင် ...❞**

## ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂၆**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ဩဂုတ် ၂၅ ရက်မှ ၂၆ ရက်အထိ တရားဝင်ခရီးစဉ် လာရောက်သည့် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Le Hoai Trung သည် ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်၌ ကြိုဆိုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပုသိမ်ကြီးမြို့နယ်၌ ၂၀၂၆ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီက မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အစိုးရနည်းပညာကောလိပ်(မန္တလေး)ဝင်းအတွင်း ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က သတ်မှတ်ပျိုးပင်ကို ဦးစွာစိုက်ပျိုးပေးပြီး တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တက္ကသိုလ်/ကောလိပ်/ သိပ္ပံတို့မှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဧည့်သည်တော်များ စုပေါင်း၍ ပျိုးပင်များစိုက်ပျိုးကြသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပိတောက်၊ ယင်းမာ၊ ကုက္ကို၊ မဲဇလီ၊ စိန်ပန်း၊ ခရေ၊ တမာ၊ ငုရွှေဝါ၊ မည်စည်၊ တပေဘူတ စသည့်ပျိုးပင်ပေါင်း ၂၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ရွှေရန်ကင်း**



**သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး**

## ပုသိမ်မြို့၌ ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်း

**ပုသိမ် ဩဂုတ် ၂၆**

ဧရာဝတီ တိုင်းဒေသကြီး ပုသိမ်မြို့၌ မိုးရာသီကာလတွင် ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ရေနုတ်မြောင်းများ ဖော်ထုတ်ရှင်းလင်းခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက အမှတ်(၂)ရပ်ကွက် မင်းကြီးလမ်း၊ အမှတ်(၈)ရပ်ကွက် ဇေယျဝတီလမ်း၊ အမှတ်(၉)ရပ်ကွက် ပုသိမ် – ငွေဆောင်ကားလမ်း၊ အမှတ်(၁၄)ရပ်ကွက် မဟာစေတီလမ်းတို့ရှိ ရေနုတ်မြောင်းများရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဖော်ထုတ်ရှင်းလင်းခြင်း၊ လမ်းဘေးဝဲ/ယာ တစ်လျှောက်ရှိ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း ဆောင်ရွက်နေမှုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူးတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကျော်ဟိန်း(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Julapun Amornvivat နှင့် နှစ်နိုင်ငံ အလုပ်သမားရေးရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေး



ဗန်ကောက် ဩဂုတ် ၂၆

(၂၉)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ရောက်ရှိနေသည့် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Julapun Amornvivat နှင့် ဩဂုတ်၂၅ ရက် ညနေပိုင်းတွင် အစည်းအဝေးများကျင်းပမည့် Dusit Thani Hotel သီးသန့်အစည်းအဝေးခန်း၌ နှစ်နိုင်ငံအလုပ်သမားရေးရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

**ဆွေးနွေး**

တွေ့ဆုံဆွေးနွေးစဉ် ထိုင်းနိုင်ငံအတွင်း နေရာဒေသအလိုက် ရောက်ရှိအလုပ်လုပ်ကိုင်နေကြသည့် မြန်မာလုပ်သားများ၏ အလုပ်အကိုင်အမျိုးအစားအလိုက် အင်အားစာရင်းရရှိရေး၊ မြန်မာလုပ်သားများ၏ မိသားစုလွှဲပို့ငွေများ တရားဝင်လမ်းကြောင်းများမှတစ်ဆင့် လွှဲပို့နိုင်ရေး နှစ်နိုင်ငံ သက်ဆိုင်ရာဌာနများအကြား ဆွေးနွေးဆောင်ရွက်ပေးနိုင်ရေး၊ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity-CI) ထုတ်ပေးမည့်နေရာများ တိုးချဲ့ဖွင့်လှစ်ရေး၊ ထိုင်းနိုင်ငံတွင် MoU စနစ်ဖြင့် ရောက်ရှိအလုပ်လုပ်ကိုင်နေကြပြီး (၄)နှစ်ပြည့်ပြီးသည့် မြန်မာလုပ်သားများ သက်တမ်းတိုး ဆက်လက်အလုပ်လုပ်ကိုင်ရေးအတွက် U-turn လုပ်ငန်းစဉ် အမြန်ဆုံးဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ရေး၊ မြန်မာလုပ်သားများ ထိုင်းနိုင်ငံ၏ လူမှုဖူလုံရေးအကျိုးခံစားခွင့်များ စနစ်တကျ ရရှိနိုင်ရေးနှင့် နှစ်နိုင်ငံ လူမှုဖူလုံရေးအဖွဲ့များအကြား သဘောတူစာချုပ်(MoU)ချုပ်ဆို ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေး ယာယီအချက်အလက် ကောက်ယူရေးဌာန (Temporary Data Collection Center-TDCC ဖွင့်လှစ်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မြန်မာသံအမတ်ကြီး ဦးဇော်ဇော်စိုး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့၊ ထိုင်းနိုင်ငံ အလုပ်သမားရေးရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၂၉)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေး၊ (၁၄)ကြိမ်မြောက် အာဆီယံအပေါင်းသုံး အလုပ်သမားဝန်ကြီးများ အစည်းအဝေးနှင့် နှစ်နိုင်ငံအလုပ်သမားရေးရာ အလုပ်သမားဝန်ကြီးများ အစည်းအဝေးများသို့ တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# လှိုင်ကော်မြို့ ကယားပြည်နယ် ယဉ်ကျေးမှုပြတိုက်၌ မင်္ဂလာဖားစည် သန့်စင်ခြင်းအခမ်းအနား ကျင်းပ

လှိုင်ကော် ဩဂုတ် ၂၆

ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ကယားပြည်နယ် ယဉ်ကျေးမှုပြတိုက်အတွင်း ထားရှိသည့် မင်္ဂလာဖားစည်ကို အကြမ်းဖက်သောင်းကျန်းသူများက ယူဆောင်ဖျောက်ဖျက်ခဲ့သည့် အတွက် ကယားမျိုးနွယ်စု တိုင်းရင်းသားများ၏ မြတ်နိုးတန်ဖိုးထားရာ မင်္ဂလာဖားစည်ကို အစားထိုးရရှိရေး ပြည်နယ်အစိုးရအဖွဲ့က ဆောင်ရွက်ခဲ့သည်။

အဆိုပါ မင်္ဂလာဖားစည်အား ရိုးရာဓလေ့နှင့်အညီ သန့်စင်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက လှိုင်ကော်မြို့ ကယားပြည်နယ် ယဉ်ကျေးမှုပြတိုက်၌ ကျင်းပရာ အခမ်းအနားတွင် ကယားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌက ဖားစည်သန့်စင်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်နှင့် တက်ရောက်လာသူများက မင်္ဂလာဖားစည်အား ရိုးရာဓလေ့နှင့်အညီ အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်း၊ ဖားစည်တီးခတ်ခြင်းတို့ ဆောင်ရွက်ကြသည်။

အခမ်းအနား အပြီးတွင် ပြည်နယ် ဝန်ကြီးချုပ်သည် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ နွားလပိုးကျေးရွာဘုန်းကြီးကျောင်း ဓမ္မာရုံ၌ နွားလပိုးရွာမ၊ ထီရို၊ ပဒါးညေး၊ လွယ်ထွဲ၊ လင်ဖုံလေး(အပေါ်)၊ လင်ဖုံလေး (အောက်)၊ ကယန်းသာယာ (တောင်) နှင့် ဒေါခေါ့ခူကျေးရွာနေ ပြည်သူများနှင့် သွားရောက်တွေ့ဆုံသည်။ ပြည်နယ်အစိုးရအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများအားလုံး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို ရှင်းလင်းဆွေးနွေးကာ ပြည်သူများ၏ မိမိတို့ကျေးရွာအလိုက် လိုအပ်ချက်များ တင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဘားအံမွေးမြူရေးဇုန်၌ ဥစားကြက် ကောင်ရေ ၁၀၀၀၀ မွေးမြူရေးခြံ တည်ဆောက်မည်

ဘားအံ ဩဂုတ် ၂၆

ဘားအံမွေးမြူရေးဇုန်ကို ၂၀၂၁ ခုနှစ်တွင် စတင်ဖော်ဆောင်၍ ၂၀၂၂ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး မြေဧရိယာ ၁၃၇ ဒသမ ၄၆ ဧကတွင် အကွက်ပေါင်း ၁၀၆ ကွက်ဖော်ဆောင်၍ မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး ဒေသဝမ်းစာဖူလုံပိုလျှံရေးအတွက် ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဥစားကြက် ကောင်ရေ ၁၀၀၀၀ မွေးမြူရေးခြံတည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။

ယင်းတည်ဆောက်မည့် ဥစားကြက်ခြံသည် ပေ ၂၀၀ ပတ်လည်မွေးမြူရေးခြံတွင် ကောင်ရေ ၂၅၀၀ ဆံ့ကြက်ရုံ လေးရုံ တည်ဆောက်သွားမည်ဖြစ်ပြီး ၁၆ ပတ်အရွယ် ဥစားကြက်မဒမ်းများကိုဝယ်ယူ၍ လှောင်အိမ်စနစ်ဖြင့်မွေးမြူသွားမည်ဖြစ်ကာ တစ်နှစ်ခွဲတစ်ကြိမ် ကြက်များ ထည့်သွင်းလဲလှယ်သွားမည်ဖြစ်ပြီး နိုဝင်ဘာလတွင် စတင်မွေးမြူ၍ ဒီဇင်ဘာလတွင် ကြက်ဥများ စတင်ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမွေးမြူရေးခြံ တည်ဆောက်ရေးလုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာတင်နွယ်ရီက ဥစားကြက်မွေးမြူရေးခြံတွင် တည်ဆောက်မည့် အဆောက်အအုံများ၊ မွေးမြူမည့်စနစ်နှင့် မွေးမြူမည့် အစီအစဉ်၊ လျှပ်စစ်မီးနှင့် သန့်ရှင်းသောရေရရှိရေးလုပ်ငန်းများ၊ ဘားအံစက်မှုဇုန်တွင် မကြာမီဖွင့်လှစ်မည့် တိရစ္ဆာန်အစာစက်ရုံမှ အစာများ၊ ဖြည့်စွက်စာများ ကျွေးမွေးမည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များမေးမြန်းဆွေးနွေး၍ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက သတ်မှတ်နေရာအသီးသီးတွင် ပန္နက်တင်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**





# တောင်ဥက္ကလာပမြို့နယ် ဂျီအီးစီ(ပညာရေး)သမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ဂျီအီးစီ (ပညာရေး) သမဝါယမအသင်းလီမိတက်၏ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ထူးချွန်ဂုဏ်ပြုပွဲနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲအခမ်းအနားကို ဩဂုတ် ၂၄ ရက်က မြို့နယ်သမဝါယမအသင်းစုခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် တောင်ဥက္ကလာပမြို့နယ် ဂျီအီးစီ (ပညာရေး) သမဝါယမအသင်းလီမိတက်၏ဥက္ကဋ္ဌ ဦးရဲဇော်ဦးက အသင်း၏ လုပ်ငန်းဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းပြောကြားကာ တောင်ဥက္ကလာပမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးခင်ဇော်က သမဝါယမအသင်းများ၏ ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် အမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းဝင်အသင်းသားများက သဘောတူကြသဖြင့် သဘာပတိက အတည်ပြုပေးခဲ့ကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် MOFCOM ပညာသင်ဆုပေးအပ်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

မြန်မာနိုင်ငံရှိ နိုင်ငံ့ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါရဂူဘွဲ့၊ မဟာဘွဲ့ပညာသင်ဆုများ ပေးအပ်လျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (Ministry of Commerce – MOFCOM) ပညာသင်ဆုပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက နေပြည်တော်ရှိ Horizon Lake View Resort Hotel ၌ ကျင်းပပြီး ကျောင်းဝင်ခွင့်လက်မှတ်များကို ပညာတော်သင်ဆု ရွေးချယ်ခြင်းခံရသူများအား ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးယာယီ တာဝန်ခံ Mr. Shen Dan က မြန်မာနိုင်ငံသို့ MOFCOM ပညာသင်ဆုပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က နိုင်ငံ့ဝန်ထမ်းများ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် MOFCOM ပညာသင်ဆုများ ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားကာ ပညာတော်သင်ဆု ရွေးချယ်ခြင်းခံရသူများအား ကျောင်းဝင်ခွင့်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပညာတော်သင် ကျောင်းသားဟောင်းတစ်ဦးနှင့် ပညာတော်သင်ဆု ရရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






## တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၆**

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးက မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၁၂ ခုကို သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံများသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်သွားရောက်ခဲ့မှုအပေါ် ဂုဏ်ယူဝမ်းမြောက်ကြောင်းအဆိုကို လွှတ်တော်သို့ တင်သွင်းခြင်းနှင့် လွှတ်တော်ကမှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို မွန်းလွဲပိုင်းတွင် ရပ်နားခဲ့ကြောင်း ကြေညာသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## နိုင်ငံဖြတ်ကျော်မူးယစ်ဆေးဝါးမှုခင်းများ စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲ မြန်မာနိုင်ငံ CCDAC နှင့် UNODC တို့ ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၆**

နိုင်ငံဖြတ်ကျော် မူးယစ်ဆေးဝါးမှုခင်းများ စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီတွင် မြန်မာနိုင်ငံမူးယစ်တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့(CCDAC)နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)တို့ ပူးတွဲအိမ်ရှင်အဖြစ် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပပြီး ဆွေးနွေးပွဲတွင် နိုင်ငံဖြတ်ကျော် မူးယစ်ဆေးဝါးအမှုများတွင် ကြုံတွေ့ရလေ့ရှိသည့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စိန်ခေါ်မှုများ၊ နိုင်ငံအလိုက် ဆွေးနွေးတင်ပြခြင်းများ၊ သက်သေ အထောက်အထားနှင့် သတင်းအချက်အလက် ဖလှယ်မှု၊ စာရွက်စာတမ်းနှင့် ဘာသာစကားဆိုင်ရာ လိုအပ်ချက်များ၊ တရားခံလွှဲပြောင်းပေးခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်း၊ နယ်စပ်ဒေသ၌ တရားခံလွှဲပြောင်း/ လက်ခံရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ခြင်းတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။



အလုပ်ရုံဆွေးနွေးပွဲ၌ ဒေသတွင်းမူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှု အခြေအနေသည် လျင်မြန်စွာ ပြောင်းလဲဖြစ်ပေါ်လျက်ရှိကြောင်း၊ နေရာတစ်ခုတည်းတွင် မူးယစ်ဆေးဝါးများကို ထုတ်လုပ်၍ နိုင်ငံအများစုသို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ ရရှိလာသော ငွေကြေးအမြတ်အစွန်းများကို သီးခြားတရားစီရင်ပိုင်ခွင့်ရှိသော နိုင်ငံများတွင် သို့ဝှက် ထိန်းသိမ်းထားကြောင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်သောအဖွဲ့များသည် တစ်ခုနှင့် တစ်ခု ကွန်ရက်ချိတ်ဆက်ဆောင်ရွက်နေပြီး နည်းပညာများလည်း ပိုမိုဆန်းသစ်စွာ အသုံးပြုလာသည်ကို တွေ့ရှိရကြောင်း၊ သီပေါမြို့နှင့် မိုင်းရယ်မြို့တို့တွင် ဖမ်းဆီးရမိခဲ့သည့် ဖြစ်စဉ်များအရ နယ်စပ်ဖြတ်ကျော် မူးယစ်ဂိုဏ်းအဖွဲ့များသည် ထိန်းချုပ်ဓာတုပစ္စည်းစာရင်းတွင် မပါဝင်သော ဓာတုပစ္စည်း အသစ်များကို ပြောင်းလဲ အသုံးပြုလာကြပြီး စုံစမ်းစစ်ဆေးမှုမှ ရှောင်ရှားနိုင်ရန်အတွက် ၎င်းတို့၏ ဓာတုဗေဒဖော်မြူလာများကို ပြုပြင်ပြောင်းလဲလာကြောင်း၊ နယ်စပ်မှ တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသား ဓာတုဗေဒပညာရှင်များကိုလည်း ငှားရမ်းအသုံးပြုလာကြကြောင်း မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ ရဲမှူးချုပ် သန့်လွင်မောင်က ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မူးယစ်ဂိုဏ်းခေါင်းဆောင်များကို ဖမ်းဆီးရန် အခက်အခဲရှိပြီး သက်သေအထောက်အထား စုဆောင်းရာတွင်လည်း အခက်အခဲရှိကြောင်း၊ သံသယရှိသူများကို နယ်စပ်ဖြတ်ကျော် လွှဲပြောင်းရာတွင် ကြီးမားသည့် အခက်အခဲရှိကြောင်း၊ ထို့ကြောင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို မဖြစ်မနေ ဦးစားပေး ဆောင်ရွက်သင့်ကြောင်း၊ တရားဥပဒေနှင့် စုံစမ်းစစ်ဆေးရေးစနစ် အပေါ်တွင် သတင်းအချက်အလက် ပေးပို့ချိတ်ဆက်မှုများ နှောင့်နှေးကြန့်ကြာမှု၊ မရှင်းလင်းသော လုပ်ထုံးလုပ်နည်းများ၊ ပြည့်စုံမှုမရှိသော စာရွက်စာတမ်း အထောက်အထားများနှင့် အဆင့်ဆင့်သော ဆက်သွယ်ရေးလုပ်ငန်းစဉ် အခက်အခဲများကြောင့် ပြစ်မှုကျူးလွန်သူများကို တရားဥပဒေ၏ အပြစ်ပေးအရေးယူမှုမှ လွတ်မြောက်စေနိုင်ကြောင်း၊ လုပ်ငန်းစဉ်များကို ကြန့်ကြာစေသည့် အဟန့်အတားများအား ဖော်ထုတ်ပြီး ၎င်းတို့ကို ကျော်လွှားနိုင်မည့် လက်တွေ့ကျသော နည်းလမ်းများကို ရှာဖွေနိုင်ရန်အတွက် နိုင်ငံများ စုပေါင်း၍ အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကဆွေးနွေးပြောကြားသည်။

ယင်းနောက် အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး မပြုံးဦးဆောင်သော ကိုယ်စားလှယ်ရှစ်ဦး၊ မဲခေါင်အဖွဲ့ဝင်နိုင်ငံများ၊ UNODC တို့မှ ကိုယ်စားလှယ် ၄၂ ဦးနှင့် မိတ်ဖက်အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ကိုယ်စားလှယ်ရှစ်ဦး စုစုပေါင်း ကိုယ်စားလှယ် ၅၈ ဦး တက်ရောက်ဆွေးနွေးကြကြောင်းနှင့် အစည်းအဝေးကို ဩဂုတ် ၂၇ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြဝတီမြို့နယ်ဂီတအစည်းအရုံး ပြန်လည်ဖွဲ့စည်းခြင်းနှင့် တာဝန်ပေးအပ်ခြင်းအခမ်းအနားကျင်းပ

**မြဝတီ ဩဂုတ် ၂၆**

ကရင်ပြည်နယ် မြဝတီမြို့နယ်ဂီတအစည်းအရုံး ပြန်လည်ဖွဲ့စည်းခြင်းနှင့် တာဝန်ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်သိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်ဂီတအစည်းအရုံး နာယက ဦးသောင်းထွန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ကရင်ပြည်နယ် ဂီတအစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်က ဂီတအစည်းအရုံးဖွဲ့စည်းခြင်း ရည်ရွယ်ချက်နှင့် စည်းမျဉ်းစည်းကမ်းများ၊ ကရင်ပြည်နယ်ဂီတအစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးသိန်းထွန်းက ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များကို ဆွေးနွေးပြောကြားကြသည်။ ဆက်လက်ပြီး မြဝတီမြို့နယ်ဂီတအစည်းအရုံးအသင်းကို လျာထားဖွဲ့စည်းခဲ့ပြီး ရွေးချယ်ခံဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးမင်းလွင်က မိတ်ဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ (ပြန်/ဆက်)**



# ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) ဆည်မြောင်းတာအိပ်ပွဲကျမှု ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



ပုသိမ် ဩဂုတ် ၂၆

ရောဝတီ တိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ချောင်းကြီးကျေးရွာ အုပ်စု ချောင်းဖျားကျေးရွာ ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာတွင် ယမန်နေ့နံနက်ပိုင်းက ရောဝတီမြစ် ရေတိုက်စားမှုကြောင့် ဆည်မြောင်းတာအိပ်ပွဲကျမှုဖြစ်ပွားခဲ့ရာ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများ အသုံးပြုကာ သဲအိတ်ဆင့်၍ တာခြေထောက်ခြင်းလုပ်ငန်းနှင့် ယာယီပန်းတာ တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**ပေးအပ်**

ထိုသို့ ဆည်မြောင်းတာအိပ်ပွဲကျမှုကို ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး တာကိုယ်ထည်ထပ်မံ တိုက်စားပွဲကျမှု မဖြစ်ပွားစေရေးနှင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များ မထိခိုက်စေရေး အရေးပေါ် ကာကွယ်တားဆီးရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် မှာကြားကာ ကမ်းထိန်း လုပ်ငန်းဖြစ်သည့် ပန်းတာ တည်ဆောက်ရာတွင် ကြိုတင်ရွှေ့ပြောင်းခဲ့ရသည့် နေအိမ်နှင့် ကွမ်းခြံအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ မအူပင်မြို့ မြို့နယ်အတွင်း ရေစီးရေလာ ကောင်းမွန်ရေးနှင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် ဘုရားလမ်း ပလက်ဖောင်းရေမြောင်း ပြုလုပ်ခြင်း၊ Box Culvert တည်ဆောက်ခြင်း၊ ပံတပွတ်လမ်းဘေးဝဲ / ယာရေစီးရေလာ ကောင်းမွန်ရေးအတွက် စက်ယန္တရားအသုံးပြု၍ တူးဖော်ဆောင်ရွက်နေမှုနှင့် ရေလဲလမ်းဆုံရှိ မအူပင်မြို့၏ အဓိကရေထွက်ပေါက်များကို ကြည့်ရှုစစ်ဆေးပြီး ဓနုဖြူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဓနုဖြူမြို့မဈေးအား ခေတ်မီဈေးသစ်အဖြစ် ပြန်လည်တည်ဆောက်နိုင်ရေးအတွက် တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

ယမန်နေ့ နံနက်ပိုင်းက ဟင်္သာတမြို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနညှော်ရိပ်သာ၌ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ကန်ကြီးထောင့်မြို့နယ်၌ ရွှေတက်လမ်း သဘာဝမြေဩဇာမိတ်ဆက်ပွဲကျင်းပ

ကန်ကြီးထောင့် ဩဂုတ် ၂၆

ရောဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ ရွှေတက်လမ်း လုပ်ငန်းစု သဘာဝမြေဩဇာမိတ်ဆက်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အမှတ်(၁)ရပ်ကွက် မင်္ဂလာရာမဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဦးစွာ ရွှေတက်လမ်းလုပ်ငန်းစု General Manager ဦးတိုင်းလှိုင်ဝင်းက ကုမ္ပဏီနှင့် လုပ်ငန်းစုများအကြောင်းကို ရှင်းလင်းတင်ပြပြီး ရောဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းမြေအသုံးချရေး တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးထင်ကျော်ဦးက မြေအသုံးချရေးဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်အောင်က အမှာစကားပြောကြားပြီး ရွှေတက်လမ်းသဘာဝမြေဩဇာထုတ်လုပ်ရေး Plant Manager ဦးကျော်ခိုင်ဦးက ရွှေတက်လမ်း သဘာဝမြေဩဇာထုတ်လုပ်ပုံနှင့် အသုံးပြုပုံများကို ရွှေတက်လမ်းသဘာဝမြေဩဇာနှင့် စိုက်ပျိုးရေးဆေးအမျိုးမျိုးဖြန့်ချိရေးဆိုင်ခွဲ မြို့နယ်အရောင်းတာဝန်ခံ ဦးရှင်းသန့်က ကန်ကြီးထောင့်မြို့နယ်အတွင်း ဖြန့်ချိရေးလုပ်ငန်းစဉ်များအကြောင်းတို့ကို ရှင်းလင်းပြောကြားကြပြီး ကံစမ်းမဲနှိုက်ခြင်းအစီအစဉ်၊ ဆုပေးခြင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **ကျော်ဇင်စိုး(ပြန်/ဆက်)**



# ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၂၀ နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် ဩဂုတ် ၂၆**

ရောဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေ တိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ သိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဖြစ်ပွားလျက်ရှိရာ လေးမျက်နှာ မြို့နယ်အတွင်း ဩဂုတ် ၁၄ ရက်တွင် ငဝန်မြစ်ရေသည် ၇ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ရာမှ ယနေ့တွင် ၅ ပေ ၈ လက်မခန့်သာ ကျန်ရှိသဖြင့် နှစ်ပေခန့် ကျဆင်းသွားခဲ့ကြောင်း၊ ရေကြည်မြို့နယ်၌ ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်အထိ အမြင့်ဆုံး ဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၁၀ ပေ ၄ လက်မခန့်သာ ကျန်ရှိသဖြင့် ၁၀ လက်မခန့် ကျဆင်းသွားခဲ့ကြောင်းနှင့် သိုင်းချောင်းမြို့တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၁၀ ပေ ၃ လက်မခန့်သာ ကျန်ရှိသဖြင့် ၆ လက်မခန့် ကျဆင်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေး စခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေး အတွက် အနောက်တောင် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ရွာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ငဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြုရန် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ငဝန်ပန်းတာ တမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေး လုပ်ငန်းများကိုစက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပျဉ်းမနားမြို့နယ်၌ တားမြစ်ပိုးသတ်ဆေးများနှင့် စပ်လျဉ်း၍ အသိပေးရှင်းလင်းဆွေးနွေး

ပျဉ်းမနား ဩဂုတ် ၂၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက တားမြစ်ထားသည့် ပိုးသတ်ဆေးများနှင့်စပ်လျဉ်း၍ အသိပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပျဉ်းမနား မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပျဉ်းမနားခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေဦးက အမှာစကားပြောကြားပြီး နေပြည်တော်တိုင်းစိုက်ပျိုးရေး ဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးထိန်လင်းဟန်က စိုက်ပျိုးရေးဦးစီး ဌာနမှ တားမြစ်ထားသည့် ပိုးသတ်ဆေးများနှင့်စပ်လျဉ်း၍ အသိပေး ရှင်းလင်းဆွေးနွေးပွဲ ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

**ဖြန့်ဝေပေး**

ထို့နောက် နေပြည်တော်တိုင်းစိုက်ပျိုးရေးဦးစီးဌာန တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ပြည့်ဖြိုးဝေ က တားမြစ်ထားသည့် ပိုးသတ်ဆေးများနှင့် ပိုးသတ်ဆေးသုံးစွဲခြင်းကြောင့် သီးနှံအလိုက်ပိုးသတ်ဆေး ခါတ်ကြွင်းကျန်ရှိမှုအခြေအနေများကို အသိပညာပေးရှင်းလင်း ဆွေးနွေးကာ တက်ရောက်လာကြသူများ၏ ပိုးသတ်ဆေးသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်းများကို ပြန်လည်ဖြေကြားသည်။ ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တက်ရောက်လာကြသည့် ပိုးသတ်ဆေးအရောင်းဆိုင်များမှတာဝန်ရှိသူများအား တားမြစ်ထားသော ပိုးသတ်ဆေးစာရင်းများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# Digital Smart မီတာအသစ်လျှောက်ထားခြင်းများအတွက် အသုံးပြုနည်းလမ်းညွှန်ချက်များ

**ဖြိုင်တင်ပြချက်**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် Digital Smart မီတာအသစ်လျှောက်ထားခြင်းများကို အီလက်ထရောနစ်နည်းပညာဖြင့် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန် ဌာနမှလွှင့်တင်ထားသော Website (www.moee.gov. mm)တွင် Web Application နည်းပညာဖြင့် တည်ဆောက်ထားသော လျှပ်စစ်မီတာအသစ်လျှောက်ထားနိုင်သည့် စနစ်တစ်ခုဖြစ်ပြီး အင်တာနက်လိုင်း ချိတ်ဆက်ထားသည့် ကွန်ပျူတာ/ စမတ်ဖုန်း Browser တို့မှ ဝင်ရောက်အသုံးပြုနိုင်ပါသည်။

Digital Smart မီတာအသစ်လျှောက်ထားလိုသူသည် အဆိုပါစနစ်တွင် အသုံးပြုရန်အတွက် User Account အသစ်တစ်ခုဖွင့်လှစ်၍ မှတ်ပုံတင်ခြင်းကို ပြုလုပ်ရမည်ဖြစ်ပါသည်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အသုံးပြုလိုသည့် အိမ်သုံးမီတာ/ အိမ်သုံးပါဝါမီတာ/ ကန်ထရိုက်တိုက်အိမ်သုံးမီတာ/ စက်မှုသုံးပါဝါမီတာဟူ၍ မီတာအမျိုးအစားအလိုက် ဖော်ပြထားမှုထဲမှ မိမိအသုံးပြုလိုသည့် မီတာအားရွေးချယ်၍ လျှောက်ထားရမည်ဖြစ်ပါသည်။


Digital Smart မီတာအသစ်လျှောက်လွှာများကို ဖြည့်သွင်းခြင်း၊ ပြင်ဆင်ခြင်း၊ စစ်ဆေးလိုခြင်း၊ နောက်ဆုံးအခြေအနေကို သိရှိလိုခြင်းနှင့် ကြည့်ရှုခြင်းများအတွက် စနစ်၏လုပ်ငန်းစဉ်အဆင့်ဆင့် (Application Status)ကို ဌာန၏ Website ရှိ မီတာလျှောက်ထားသူမှ ဖွင့်လှစ်ထားသော User Account တွင် တိုက်ရိုက်လွယ်ကူလျင်မြန်စွာ အလွယ်တကူ ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်ပြီး အောက်ဖော်ပြပါလင့်ခ် (Link)တွင် တိုက်ရိုက်ဝင်ရောက် အသုံးပြုနိုင်ပါသည်။

**ဝက်ဘ်ဆိုက်သို့ တိုက်ရိုက်ဝင်ရောက်ရန် (Website Link): https://emeter.moee.gov.mm**

**(၁) Digital Smart မီတာအသစ် လျှောက်ထားသူမှ အကောင့် (User Account)ဖွင့်လှစ်ရမည့်လုပ်ငန်းစဉ်များ**

(က) Digital Smart မီတာအသစ် လျှောက်ထားသူမှ အကောင့်ပြုလုပ်ခြင်း

လျှောက်ထားသူ အကောင့်ပြုလုပ်ရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန Website ၏ ပင်မစာမျက်နှာ(Home Page)ရှိ **"Digital Smart မီတာအသစ်များ လျှောက်ထားရန်"**အား Click နှိပ်လိုက်ပါက မီတာ/ပါဝါ မီတာအသုံးပြုခွင့်လျှောက်ထားခြင်းဟု တွေ့ရှိရမည်ဖြစ်ပြီး ၎င်းစာမျက်နှာ၏ ယာဘက်ထိပ်တွင် **"အကောင့်ဖွင့်ရန်"** စာသားအား Click ကိုနှိပ်၍ ဆောင်ရွက်နိုင်ပါသည်။





ပုံ(၁) ပင်မစာမျက်နှာပုံစံ

လျှောက်ထားသူအကောင့် ပြုလုပ်ရာတွင် ဖုန်းနံပါတ်(သို့မဟုတ်)အီးမေးလ်လိပ်စာတို့ဖြင့် မိမိစိတ်ကြိုက်ရွေးချယ်၍ အောက်ပါအတိုင်း ဖြည့်သွင်းရမည်ဖြစ်ပါသည်။

(၁) အမည်အပြည့်အစုံ၊ အီးမေးလ်လိပ်စာ၊ စကားဝှက် (Password) နှင့် စကားဝှက် အတည်ပြုခြင်း (Confirm Password)တို့ကို ဖြည့်သွင်းရမည်ဖြစ်ပါသည်။

(၂) အမည်အပြည့်အစုံ၊ ဖုန်းနံပါတ်၊ စကားဝှက်(Password)နှင့် စကားဝှက် အတည်ပြုခြင်း (Confirm Password)တို့ကို ဖြည့်သွင်းရမည်ဖြစ်ပါသည်။

စကားဝှက်အတည်ပြုခြင်းကဏ္ဍတွင် ရိုက်နှိပ်သည့်စကားဝှက်သည် အထက်တွင် ပေးခဲ့သော စကားဝှက်နှင့် ကိုက်ညီမှုရှိရမည်ဖြစ်ပါသည်။ ထို့နောက် လုံခြုံရေးစစ်ဆေးမှုအတွက် **"ကျွန်ုပ်က စက်ရုပ်မဟုတ်ပါ"** (reCAPTCHA)ဟူသော အမှတ်အသားကွက်ကို အမှန်ခြစ်ပေးရမည်ဖြစ်ပါသည်။ လိုအပ်သော အချက်အလက်များ ပြည့်စုံစွာ ဖြည့်သွင်းပြီးပါက **"ဆက်လက်လုပ်ဆောင်မည်"**ဟူသော Click နှိပ်၍ အကောင့်ပြုလုပ်ခြင်းကို အောင်မြင်စွာ ဆောင်ရွက်ရမည် ဖြစ်ပါသည်။




ပုံ(၂) အကောင့်ပြုလုပ်ရန် ဖောင်ပုံစံ

အကောင့်ကို အတည်ပြုရန်အတွက် မိမိရွေးချယ်ခဲ့သည့်စနစ်အလိုက် အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(၁) ဖြည့်သွင်းခဲ့သော အီးမေးလ်လိပ်စာထံသို့ MOEE Support Team မှ (၆)လုံးပါဝင်သော ကုဒ်နံပါတ်ပေးပို့မည်ဖြစ်ပြီး ၎င်းကုဒ်နံပါတ်ကို ဖြည့်သွင်း၍ အတည်ပြုခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(၂) ဖြည့်သွင်းခဲ့သော ဖုန်းနံပါတ်ထံသို့ SMS မှတစ်ဆင့် (၆) လုံးပါဝင်သော ကုဒ်နံပါတ် (6-Digit Code) ပေးပို့မည်ဖြစ်ပြီး အဆိုပါကုဒ်ကို စနစ်တွင် ရိုက်နှိပ်၍ အတည်ပြုရမည်ဖြစ်ပါသည်။ ဂဏန်း (၆)လုံး ပါဝင်သော ကုဒ်နံပါတ်ကို စနစ်တကျ ဖြည့်သွင်းပြီးပါက အကောင့်ဖွင့်လှစ်ခြင်း ပြီးမြောက်၍ မီတာလျှောက်ထားခြင်း လုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။




ပုံ(၃) ကုဒ်အတည်ပြုရန် ဖောင်ပုံစံ




ပုံ(၄) အကောင့်ဝင်ရန် ဖောင်ပုံစံ

(ခ) လျှောက်ထားသူ အကောင့်ထဲသို့ ဝင်ရောက်ခြင်း

လျှောက်ထားသူ အကောင့်ရှိပြီးသူများသည် အကောင့်ဝင်ရန် စာမျက်နှာ (Login Form)တွင် မိမိတို့ အကောင့်ဖွင့်လှစ်စဉ်က အသုံးပြုခဲ့သည့် အီးမေးလ်လိပ်စာ (သို့မဟုတ်) ဖုန်းနံပါတ်နှင့် စကားဝှက် (Password) တို့ကို မှန်ကန်စွာ ဖြည့်သွင်းရမည် ဖြစ်ပါသည်။ လုံခြုံရေးစစ်ဆေးမှုအတွက် **"ကျွန်ုပ်က စက်ရုပ်မဟုတ်ပါ"** (reCAPTCHA) ဟူသော အမှတ်အသားကွက်ကို အမှန်ခြစ်ပေးရမည်ဖြစ်ပါသည်။ လိုအပ်သော အချက်အလက်များ ပြည့်စုံစွာ ဖြည့်သွင်းပြီးပါက **"အကောင့်ဝင်မည်"**ဟူသော Click နှိပ်၍ စနစ်အတွင်းသို့ ဝင်ရောက်နိုင်ပြီဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့် တေးသီချင်းများ

(ယမန်နေ့မှအဆက်)

**"နှဲ" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
- (က) တောင်ယံတောလေး (မွန်)
- (ခ) တောမြိုင်ခြေလမ်း (ယိုးဒယား)
- (ဂ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
- (ဃ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
- (င) မဲဇာတောင်ခြေ (ပတ်ပျိုး)
- (စ) သာဆန်းရဂုံဖွေ (ပတ်ပျိုး)
- (ဆ) ညင်းညင်း (မွန်)
- (ဇ) အောင်မင်္ဂလာ (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
- (က) ရေယမုန် (ပတ်ပျိုး)
- (ခ) လေပြေဆော်သွေးမြူး (ယိုးဒယား)
- (ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
- (ဃ) နှင်းယွန်းခါဟေမာန် (ယိုးဒယား)
- (င) ပန်းဟေဝန် (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) သီလာမြေယံ (ကြိုး)
- (ခ) မှန်ရဝေ (ပတ်ပျိုး)
- (ဂ) အတိုင်းမသိမင်္ဂလာ (မင်္ဂလာဩဘာဘွဲ့)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) စံရာတောင်ကျွန်း (ကြိုး)
- (ခ) အတိုင်းမသိ (ဝတ်တော်ရုံ ဘုန်းတော်ဘွဲ့)
- (ဂ) မြိုင်ယံရွှေလျှံ (ပတ်ပျိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)
- (ခ) ထွေတလာ (ကြိုး)
- (ဂ) ဘုံဆောင်မြင့် (ကြိုး)

**"ပလွေ" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
- (က) ကောင်းချီးသင်္ဂါ (မွန်)
- (ခ) ခိုင်ပန်းစုံ (ထပ်တွန့်ယိုးဒယား)
- (ဂ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
- (ဃ) ထောင်ရောင်နေ (သီချင်းခံ)
- (င) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
- (စ) မန်းတောင်လက်ျာ (ယိုးဒယား)
- (ဆ) ညဥ့်သုံးယံခါ (ပတ်ပျိုး)
- (ဇ) စိန်ကြောင်နီလာ (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
- (က) ချစ်သမျှကို (ပတ်ပျိုး)
- (ခ) မှော်ရုံဟေဝန် (ယိုးဒယား)
- (ဂ) ရွှန်းရွှန်းမြ (သီချင်းခံ)
- (ဃ) ဖြူပြာမူရာ (ပတ်ပျိုး)
- (င) သောင်းသောင်းညံ (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) ဇေယျာအောင်ချာ (ကြိုး)
- (ခ) ဂန္ဓမာရိပ်သာ (ပတ်ပျိုး)
- (ဂ) သည်ဆောင်းဟေမာန် (ဘွဲ့)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) လဲ့လဲ့စိမ်းရောင် (ကြိုး)
- (ခ) ဟေမဝန်ချာ (ဘွဲ့)
- (ဂ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) ဇေယျာမြို့ (ကြိုး)
- (ခ) မှန်ညောင်သဇ္ဈာ (ဝတ်တော်ရုံဘွဲ့)
- (ဂ) မင်းလမ်းစပ်ကာ (ကြိုး)

**"တယော" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ**

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
- (က) အောင်မင်္ဂလာ (ယိုးဒယား)
- (ခ) ဒီပါအေးမြ (ပတ်ပျိုး)
- (ဂ) မိုးလုံးပတ်လည် (ပတ်ပျိုး)
- (ဃ) သာဆန်းရဂုံဖွေ (ပတ်ပျိုး)
- (င) မန်းတောင်လက်ျာ (ယိုးဒယား)
- (စ) မန်ချာမြေကို (ပတ်ပျိုး)
- (ဆ) ခိုင်ပန်းစုံမှုံမာလာ (ယိုးဒယား)
- (ဇ) နှင်းယွန်းခါဟေမာန် (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
- (က) ပန်းဟေဝန် (ယိုးဒယား)
- (ခ) အောင်မြေမြမန်း (ပတ်ပျိုး)
- (ဂ) မြန်မာသီချင်းဆိုရအောင် (ကာလပေါ်)၊ လှမြင့်ဝင်း
- (ဃ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
- (င) မှော်ရုံဟေဝန် (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) မေတ္တာဂုဏ် (ကာလပေါ်) ပြည်လှဖေ
- (ခ) တောနှင့်တောင်စွယ် (ယိုးဒယား)
- (ဂ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) ပဥ္စသိခ် (ခင်ခင်ညွန့်)
- (ခ) မြိုင်ယံရွှေလျှံ (ပတ်ပျိုး)
- (ဂ) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) ဆန်းနွေဦး (ယိုးဒယား)
- (ခ) အနန္တငါးဖြာ (ကာလပေါ်)
- (ဂ) စိမ်းလဲ့လဲ့ (ကြိုး)

**"မယ်ဒလင်" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ**

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
- (က) ဖော်ကွာဝေး (ယိုးဒယား)
- (ခ) ရွှေပြည်တော်သည် (ပတ်ပျိုး)
- (ဂ) မြရည်နန္ဒာ (ဘွဲ့)
- (ဃ) ကျွန်းကျွန်းပိုင်သ (ကြိုး)
- (င) အမင်းမင်းခယ (ပတ်ပျိုး)
- (စ) မဲဇာတောင်ခြေ (ပတ်ပျိုး)
- (ဆ) ဂန္ဓမာတောင် (ဘွဲ့)
- (ဇ) တောမြိုင်စွန်းက လွှန်းအောင်ဖန် (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
- (က) ညဥ့်သုံးယံခါ (ပတ်ပျိုး)
- (ခ) သူဌေးဝါဒ (ကာလပေါ်)
- (ဂ) ဟေမဝန်ချာ (ဘွဲ့)
- (ဃ) လူမနော (ပတ်ပျိုး)
- (င) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) သီလာမြေယံ (ကာလပေါ်) ပြည်လှဖေ
- (ခ) အန္တရာယ်ကင်း (ဂီတာဦးစိမ်းမောင်)
- (ဂ) ထွေထွေဆန်းဆန်း (ယိုးဒယား)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) မှန်ညောင်သဇ္ဈာ (ခင်ခင်ညွန့်)
- (ခ) စံပယ် (ကာလပေါ်)
- (ဂ) နန်းဘုံသီဟာဖွေ (ယိုးဒယား)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) သာယာ (ကြိုး)
- (ခ) ဝိဇ္ဇာတောလား (ယိုးဒယား)
- (ဂ) မေတ္တာဖြန်းမှလန်းဆန်းမယ် (ကာလပေါ်)

**"ဂီတာ" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ**

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
- (က) အောင်မင်္ဂလာ (ယိုးဒယား)
- (ခ) ရွှန်းရွှန်းမြ (သီချင်းခံ)
- (ဂ) ပုံပမာ (ကြိုး)
- (ဃ) မြူဝန်းလို့ခို (ပတ်ပျိုး)
- (င) ဂန္ဓမာတောင် (ဘွဲ့)
- (စ) ပပငယ်ဝင်းဝင်း (ပတ်ပျိုး)
- (ဆ) ဆယ်ဆယ်ရောင် (ဒိန်းသံ)
- (ဇ) ကြံ့ကြံ့ဖန်ဖန် (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
- (က) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
- (ခ) နွေဦးတေးသံ (ကာလပေါ်)
- (ဂ) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)
- (ဃ) သည်ဆောင်းဟေမာန် (ဘွဲ့)
- (င) ကျွန်းကျွန်းပိုင်သ (ကြိုး)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) ဆန်းနွေဦး (ယိုးဒယား)
- (ခ) ချစ်မိုးဆွေ (ကာလပေါ်)
- (ဂ) ဘုံဆောင်မြင့် (ကြိုး)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) စက်လဲပျော်ပါနိုင် (ယိုးဒယား)
- (ခ) သပြေရွက်ရည် (ကာလပေါ်)၊ မောင်မောင်ညွန့်
- (ဂ) စိန်ခြယ်ဖြာရောင်လင်း (ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) သာယာ (ကြိုး)
- (ခ) နန်းဘုံသီဟာဖွေ (ယိုးဒယား)
- (ဂ) ချစ်နှင်းမှုန်မှုန် (ကာလပေါ်)

**"ဒုံမင်း" အတီး ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ**

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
- (က) မြန်ချာမြေကို (ပတ်ပျိုး)
- (ခ) မာရဝိဇယ (ဘွဲ့)
- (ဂ) မှိုင်းမှိုင်းမြ (သီချင်းခံ)
- (ဃ) ခါနွေဆန်းလန်းစီစီ (ယိုးဒယား)
- (င) သောင်းသောင်းညံ (ယိုးဒယား)
- (စ) ဖြေလျော့ခွေ (ပတ်ပျိုး)
- (ဆ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
- (ဇ) မြူဝန်းလို့ခို (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
- (က) လေပြေဆော်သွေးမြူး (ယိုးဒယား)
- (ခ) နံ့သာနီတောင် (ပတ်ပျိုး)
- (ဂ) ကောင်းခြင်းမင်္ဂလာ (ကာလပေါ်)
- (ဃ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
- (င) တဖုသငယ် (ရွှေတိဂုံသမိုင်းဘွဲ့)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) နှလုံးသားကို အလှဆင်ပါမယ် (ကာလပေါ်)
- (ခ) စက်လဲပျော်ပါနိုင် (ယိုးဒယား)
- (ဂ) ဘုန်းမိုးရွာစွေသွန်းဖြန်း (ကြိုး)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) မြန်သပြေဘွေတကျွန်းခြားမြေ (ယိုးဒယား)
- (ခ) ထန်းရွက်ပုတီး (ကာလပေါ်) Key -F
- (ဂ) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)
- (ခ) မေတ္တာရွှေရည် (ကာလပေါ်)
- (ဂ) ကန်မင်းသာစွ (ယိုးဒယား)

**"ဆိုင်းတစ်ဦးချင်း" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ**

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
- (က) နှင်းယွန်းဂိမာန် (မွန်)
- (ခ) သာရကာကျေး (ပတ်ပျိုး)
- (ဂ) ရွှေနန်းအောင်ချာ (ကြိုး)
- (ဃ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
- (င) တောတောင်စွယ် (ယိုးဒယား)
- (စ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
- (ဆ) ဒီပါအေးမြ (ပတ်ပျိုး)
- (ဇ) ဘုန်းမျှားမျှားမင်း (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
- (က) စိန်ငွေလျှံ (ပတ်ပျိုး)
- (ခ) တောမြိုင်စွန်း (ယိုးဒယား)
- (ဂ) ဟေမဝန်ချာ (ဘွဲ့)
- (ဃ) သပြေပင်ဝန်း (ကြိုး)
- (င) မှိုင်းမှိုင်းမြ (သီချင်းခံ)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) ဆွတ်ဖြန်းငယ်လေ (ကြိုး)
- (ခ) တာသစ်ကယ်လေကူး (ပတ်ပျိုး)
- (ဂ) ကုဏ္ဍလာ (ယိုးဒယား)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) တောဟေဝန်လယ် (ယိုးဒယား)
- (ခ) ဘုန်းဆင့်ဆင့်တိုး (ပတ်ပျိုး)
- (ဂ) ကြောက်ဖွယ့်ဘုန်းတန်း (ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) ဇေယျာအောင်ချာ (ကြိုး)
- (ခ) ရွှေဘုန်းရွှေဘုန်း (ကြိုး)
- (ဂ) မြမန်းဂီရိ (ယိုးဒယား)



# (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ပထမနေ့ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ပထမနေ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ခေတ်ဟောင်းတေးအဆိုပြိုင်ပွဲ (အမျိုးသား)ကို ပြိုင်ပွဲဝင် ၂၂ ဦးက လူချွန်လူကောင်း ခေတ်ဟောင်းတေးသီချင်းဖြင့် လည်းကောင်း၊ ခေတ်ဟောင်းတေးအဆိုပြိုင်ပွဲ (အမျိုးသမီး)ကို ပြိုင်ပွဲဝင်၁၆ဦးကဓမ္မစကြာခေတ်ဟောင်းတေးသီချင်းဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

ညပိုင်းတွင် နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲများက အငြိမ့်နှင့်ပြဇာတ်များကို ပါဝင်ကပြယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ အနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက် ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲကို စက်တင်ဘာ ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် ဩဂုတ် ၂၆

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေး ဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး ၊ အမှုတ်၊ အက ၊ အခုန်များဖြင့် လည်းကောင်း၊ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ လေ့လာ

နေပြည်တော် ဩဂုတ် ၂၆

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များ နိုင်ငံတော်၏ သမိုင်းနှင့် တပ်မတော်၏ သမိုင်းကြောင်းများကိုသိရှိပြီး အသိပညာဗဟုသုတများစွာရရှိစေရန်၊ တပ်မတော်၏ လုပ်ငန်း ဆောင်ရွက်ချက်များ၊ တပ်မတော် တည်ဆောက်မှုများ၊ တီထွင်ဆန်းသစ်မှုများကို ကြည့်ရှုလေ့လာပြီး အနာဂတ်ရည်မှန်းချက်များ ပေါ်ထွက်လာစေရန်၊ တပ်မတော် အကြီးအကဲများ၏ နိုင်ငံတော်နှင့် တပ်မတော်အပေါ်ထားရှိသောစေတနာနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် ရည်မှန်းချက်များကိုသိရှိစေရန်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်လာစေပြီး အားကျအတုယူလိုသည့်စိတ်များ ဖြစ်ပေါ်လာစေရန်၊ ကျောင်းသားကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ် ဆောင်ရွက်ပေးလျက်ရှိသည်။



ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဇေယျာသီရိမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) အတွင်းရှိ ခေတ်အဆက်ဆက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်း ရုပ်ရှင်ကိုကြည့်ရှု၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် တပ်မတော် (ကြည်း) ပြင်ပကွက်တွင် ခင်းကျင်းပြသထားသော ရှေးခေတ်ကြေးသွန်း အမြောက်များ၊ ဒုတိယကမ္ဘာစစ်နှင့် စစ်ပြီးကာလတို့တွင် အသုံးပြုခဲ့သော အမြောက်နှင့် သံချပ်ကာများ၊ တပ်မတော် (ရေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော စစ်ရေယာဉ်ပုံစံတူများနှင့် တပ်မတော် (လေ) ပြင်ပ ပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော် လေယာဉ်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့အပြင် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သည့် ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ဆုအဖြစ် ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟသ်ာတမြို့၌ ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ်လှုပ်ရှားမှု ဆောင်ရွက်

ဟသ်ာတ ဩဂုတ် ၂၆


ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ကျောင်းကျန်းမာရေးသီတင်းပတ်အထိမ်းအမှတ် လှုပ်ရှားမှုအဖြစ် ယနေ့နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ ကျောင်းကျန်းမာရေးလှုပ်ရှားမှုကို ဟသ်ာတခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် အသက်အုပ်စုအလိုက် ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ အခြေခံပညာ ကျောင်းသားကျောင်းသူများအား ကျောင်းအခြေပြု ပဏာမမျက်စိကျန်းမာရေး စစ်ဆေးခြင်း၊ သွားကျန်းမာရေးစစ်ဆေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်း၊ Student Record Card များဖြင့် စနစ်တကျ ဖြည့်သွင်းခြင်း၊ သန်ချဆေးတိုက်ကျွေးခြင်း၊ ပျိုရွယ်သူ ကျောင်းသူများအား သံဓာတ် အားဆေးတိုက်ကျွေးခြင်း၊ KG ကျောင်းသားများအား အဏုအာဟာရ ဆေးမှုန့်များ အသုံးပြု၍ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုတွင် ဟသ်ာတခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာနေခြည်ထက်ထက်လင်းအောင်နှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ ဟသ်ာတသူနာပြုသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများ၊ ပညာရေးဝန်ထမ်းများ၊ ဟသ်ာတခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သက်သက်ဦးနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# တပ်မတော်စစ်ကြောင်းများက ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ သုံးဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လူနေတဲများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု နေရာပြမြေပုံ။

နေပြည်တော် ဩဂုတ် ၂၆

ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် နယ်စပ်ဒေသများတွင်အခြေပြုပြီး လုပ်ကိုင်နေမှုများကို ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်တိုက်ဖျက်နေသကဲ့သို့ ပြည်တွင်း၌ ကျူးလွန်နေသူများကိုလည်း ပြင်းပြင်းထန်ထန် ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အရှိန်အဟုန်ဖြင့် တက်ကြွစွာ ဆောင်ရွက်လျက်ရှိရာ တပ်မတော် စစ်ကြောင်းများက ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ သုံးဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ထပ်မံဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုပြုလုပ်သူများသည် ယာယီလူနေတဲများ ဆောက်လုပ်၍ အခြေပြုခိုအောင်းလုပ်ကိုင်လျက်ရှိကြောင်း တာဝန်သိဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းများက သတင်းကွင်းဆက်ရယူဖော်ထုတ်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကိုဆောင်ရွက်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် မိုင်းရယ်မြို့၏ အရှေ့တောင်ဘက် မီတာ ၂၆၀၀၀ ခန့်အကွာ မန်ဖိုင်ကျေးရွာ၏ တောင်ဘက် မီတာ ၅၀၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသည့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသော တရုတ်နိုင်ငံသား အမျိုးသား သုံးဦးတို့အား အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အလျားပေ ၅၀ ၊ အနံပေ ၂၀ ထရံကာသွပ်မိုးအဆောက်အအုံ တစ်လုံး၊ ယာယီရွက်ဖျင်တဲ ငါးလုံး၊ ဖုန်းမျိုးစုံ ၂၅ လုံး၊ All In One ကွန်ပျူတာ ငါးလုံး၊ Power Station နှစ်လုံး၊ Star Link တစ်လုံး၊ စကားပြောစက် ၁၀ လုံး၊ အခြားလုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်း ဖမ်းဆီးရမိသော အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

ထိုသို့ ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ ပြင်းပြင်းထန်ထန်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် တရားမဝင် ဆောက်လုပ်ထားသည့် လူနေတဲများနှင့် လုပ်ငန်းသုံးတဲများကိုလည်း စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်းနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အခြေချလုပ်ကိုင်နိုင်ခြင်းမရှိစေရေးနှင့် အပြီးတိုင်ပပျောက်စေရေးတို့ အတွက် အမြစ်ပြတ် တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မပြတ် အထူးအလေးထား၍ တက်ကြွစွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများ လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဩဂုတ် ၂၆

အမျိုးသမီးငယ်များကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်လိုက်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရေပုတ်ကျေးရွာနေ အမျိုးသမီး တစ်ဦးကို တစ်ရွာတည်းနေ မျိုးမင်းဟိန်း(ခ) မျိုးကျော်(ခ)ဟိန်းကိုနှင့် ဇနီးဖြစ်သူ မေသကြိမ်မိုး(ခ) သကြိမ်တို့က တရုတ်နိုင်ငံတွင် တရုတ်ဇနီးမယားဆောင်ရွက်ပါက ၁ နှစ်လျှင် ငွေကျပ်သိန်း ၇၀ ရရှိမည်၊ လမ်းစရိတ်ကုန်ကျခံပေးမည်၊ လမ်းခရီးတွင် ဆက်သွယ်ရန်ဖုန်းဝယ်ပေးမည်ဟု လိမ်လည်ပြောဆိုစည်းရုံးပြီး မူဆယ်မြို့မှတစ်ဆင့်တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန်ခေါ်ဆောင်လာကြောင်း စိစစ်သိရှိရသဖြင့် မြစ်ငယ်နယ်မြေရဲစခန်း(ပ)၇၁/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဩဂုတ် ၂၁ ရက်တွင် အမရပူရခရိုင်တရားရုံးက ဖမ်းမိတရားခံ မျိုးမင်းဟိန်း(ခ)မျိုးကျော်(ခ)ဟိန်းကိုနှင့် မေသကြိမ်မိုး (ခ)သကြိမ်တို့ကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ရခိုင်ပြည်နယ် စစ်တွေမြို့နေ အမျိုးသမီးနှစ်ဦးကို တစ်မြို့တည်းနေ ဒေါ်ခင်ခင်အေးက တရုတ်အမျိုးသားနှင့်လက်ထပ်ပါက ငွေကျပ်သိန်း ၇၀ ရရှိမည်၊ ၁ နှစ်ပေါင်းသင်းရမည်၊ ကလေးမွေးပေးရမည်ဟု စည်းရုံးပြောဆိုပြီး တရုတ်နိုင်ငံနေ မစံအေးနုနှင့်ချိတ်ဆက်၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် ခေါ်ဆောင်လာစဉ် စစ်တွေလေဆိပ်၌ ဖမ်းဆီးရရှိခဲ့သဖြင့် စစ်တွေမြို့မရဲစခန်း (ပ)၁၂၀/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဩဂုတ် ၂၂ ရက်တွင် စစ်တွေခရိုင်တရားရုံးက ဖမ်းမိတရားခံ ဒေါ်ခင်ခင်အေးကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မစံအေးနုကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြောင်းမြမြို့နယ်၌ လမ်း၊ တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မြောင်းမြ ဩဂုတ် ၂၆

ဧရာဝတီ တိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လမ်း၊ တံတားလုပ်ငန်းများအား သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဖြင့် ဆောင်ရွက်ပြီးစီးရန် တာဝန်ရှိသူများက ယမန်နေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မြောင်းမြမြို့နယ်အတွင်းရှိ ပဆင်နှင့် သိလ္လာချောင်းဖျားကျေးရွာချင်းဆက်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) နေပြည်တော်မှ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေးနှင့် ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ဇေယျာ(ပြန်/ဆက်)



# ဖျာပုံမြို့၌ ပြုပြင်တည်ဆောက်နေသည့် တံတားအား ကြည့်ရှုစစ်ဆေး

ဖျာပုံ ဩဂုတ် ၂၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျုံကဒွန်းကျေးရွာ ပဆင-ကျုံကဒွန်းလမ်းပေါ်ရှိ ကျုံကဒွန်းကျေးရွာ ရွာလယ်တံတားသို့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီးတာဝန်ခံ အင်ဂျင်နီယာချုပ် (မြို့ပြ)နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ပြုပြင်တည်ဆောက်နေသည့်တံတားအား ကြည့်ရှုစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီးတာဝန်ခံ အင်ဂျင်နီယာချုပ် (မြို့ပြ)သည် ကျုံကဒွန်းကျေးရွာ ပဆင-ကျုံကဒွန်းလမ်းပေါ်ရှိ ကျုံကဒွန်းကျေးရွာ ရွာလယ်တံတားအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီမှုဖြင့် သစ်သားကြမ်းခင်းတံတားမှ ကွန်ကရစ်ကြမ်းခင်းတံတားအဖြစ် အလှူရှင်က လှူဒါန်းပြုပြင်တည်ဆောက်နေခြင်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကမာရွတ်မြို့နယ်၌ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှု အကျိုးခံစားခွင့်ထုတ်ပေး

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသော AGB Communication Co., Ltd မှ အာမခံအလုပ်သမား ဦးသီဟထက်အောင်သည် အလုပ်တွင် ထိခိုက်မှုနှင့်ပတ်သက်၍ ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေးခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဦးသီဟထက်အောင်အတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေကျပ် ၉၀၀၀၀၀၀ ကို အစ်ကိုဖြစ်သူ ဦးသိန်းအောင်အား



အလုပ်ဌာနတာဝန်ခံများ၊ အလုပ်သမားညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

စိမ်းလဲ့(ပြန်/ဆက်)

## ပခုက္ကူမြို့ မဟာဝိသုတာရာမ(အလယ်)တိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာဇောတ ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် ဩဂုတ် ၂၆

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁၀)ရပ်ကွက် မဟာဝိသုတာရာမ(အလယ်)တိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာဇောတ သက်တော် ၈၁ နှစ်၊ သိက္ခာ ၆၁ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၈ ခုနှစ် ဝါခေါင်လဆန်း ၁၃ ရက် (၂၆-၈-၂၀၂၆) ဗုဒ္ဓဟူးနေ့ နံနက် ၄ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## အမျိုးသားစာပေတစ်သက်တာဆုရ ဦးထွန်းရီ(ထွန်းရီ-ရှေးဟောင်းသုတေသီ) ကွယ်လွန်



အမျိုးသားစာပေ တစ်သက်တာဆုရှင် စာရေးဆရာကြီး ဦးထွန်းရီ(ထွန်းရီ - ရှေးဟောင်းသုတေသီ)သည် ဩဂုတ်၂၅ ရက်တွင် ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။

ဆရာကြီး ဦးထွန်းရီကို အဘ ဦးသိန်း၊ အမိ ဒေါ်စောခင်တို့က ၁၉၃၄ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့၌ မွေးဖွားခဲ့သည်။ အသက် ၁၉ နှစ်တွင် တန်းမြင့်ကျောင်းထွက် စာမေးပွဲအောင်မြင်ပြီး မူလတန်းကျောင်းဆရာအဖြစ် နှစ်နှစ်ခန့် လုပ်ကိုင်ခဲ့သည်။

မြန်မာအမျိုးသားဘဏ်တွင် အငယ်တန်းစာရေးအဖြစ် ဝင်ရောက်လုပ်ကိုင်ရင်း ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ယူခဲ့ရာ ၁၉၆၀ ပြည့်နှစ်တွင် ဝိဇ္ဇာဘွဲ့ကို ရရှိသည်။ ထို့နောက် ဘဏ်အရာရှိအဖြစ်မှ ဒုတိယမန်နေဂျာအထိ အဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၅ - ၁၉၈၆ ခုနှစ်တွင် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းတွင် ညွှန်ကြားရေးမှူး မန်နေဂျာအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည်။ ထို့နောက် ၁၉၉၂ - ၁၉၉၃ ခုနှစ်တွင် တာဝန်မှ အငြိမ်းစားယူပြီး ဂျပန်နိုင်ငံသို့ ထွက်ခွာခဲ့သည်။

ဆရာဦးထွန်းရီသည် ဝိဇ္ဇာဘွဲ့ရပြီးနောက် တိမ်မြုပ်နေသည့် မြန်မာရှေးဟောင်း စာပေများကို ရှာဖွေစုဆောင်းပြီး မူပွားစာတွဲပေါင်း ၂၅၂ တွဲ ဖြန့်ဝေခဲ့ပြီးဖြစ်သည်။ ပုံနှိပ်မူစာအုပ်အဖြစ် အချုပ်တန်းဆရာဖေ၏ ကဗျာပေါင်းချုပ် (၁၉၇၀ ပြည့်နှစ်)၊ မင်းနှစ်မင်းစာဆို နှစ်စုံတွဲ ကဗျာပေါင်းချုပ် (၁၉၇၁ ခုနှစ်)၊ စလေဦးပုညဘဝနှင့်စာပေ၊ ရှေးကစာပေဆုများစာအုပ် (၁၉၇၂ ခုနှစ်)၊ စာပေဂီတနှင့် ဝန်ကြီးပဒေသရာဇာ၊ မင်းလက်ဝဲနော်ရထာ၊ ရှင်မဟာသီလဝံသစာအုပ် (၁၉၇၄ ခုနှစ်)၊ မြို့ရန်ကုန် ဘုရားစုံသမိုင်းစာအုပ် (၁၉၇၆ ခုနှစ်)၊ ပြည်သူ့စာဆို မောင်းထောင်ဦးကျော်လှ သူ့ခေတ်သူ့ဘဝ သူ့စာ စာအုပ် (၁၉၇၇ ခုနှစ်)၊ မြန်မာ့စာပေအမြုတေများနှင့် စာဆိုတော်ကြီးများ စာအုပ်တို့ကို ပြုစုထုတ်ဝေခဲ့သည်။

ဂျပန်နိုင်ငံတွင် Visiting Researcher/ Research Fellow အဖြစ် ၁၀ နှစ်ကျော် ဆောင်ရွက်ခဲ့ပြီး သုတေသနစာအုပ် (အင်္ဂလိပ်-မြန်မာ) စာအုပ်များကို ပြုစုထုတ်ဝေသည်။ ဆရာကြီး ဦးထွန်းရီသည် ၂၀၀၇ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၁ ခုနှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၃ ခုနှစ်၊ ၂၀၁၅ ခုနှစ်တို့တွင် ထွန်းဖောင်ဒေးရှင်းစာပေဆုများ ရရှိခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် အမျိုးသားစာပေ တစ်သက်တာဆုချီးမြှင့်ခံခဲ့ရသည်။ ဆရာကြီး ဦးထွန်းရီသည် မိဘဂုဏ်စာအုပ်တိုက်ကို တည်ထောင်၍ မြန်မာမှုနှင့် ရှေးဟောင်းကျမ်းစာများ စုစည်းပြုစု ပုံနှိပ်ထုတ်ဝေမှုများ ပြုခဲ့သည်။

ဆရာကြီး ဦးထွန်းရီသည် မြန်မာနိုင်ငံစာရေးဆရာ အသင်း သက်ကြီးကန်တော့ခံပညာရှင်၊ သာကေတမြို့နယ် စာရေးဆရာအသင်းနာယက၊ မြန်မာနိုင်ငံစာပေပြန့်ပွားရေး အသင်းနာယက၊ မြန်မာ့စွယ်စုံကျမ်း ပြန်လည်ပြုစုထုတ်ဝေရေးပညာရှင်အဖွဲ့ဝင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပေပုရပိုက် စုဆောင်းထိန်းသိမ်းရေးအဖွဲ့ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ မင်းမဟော်၊ မင်းမဟော်ထွန်း၊ မောင်ကောက်သင်း စသည့် ကလောင်ခွဲများဖြင့် စာပေများကို ရေးသားခဲ့သည်။ ဆရာဦးထွန်းရီ (ထွန်းရီ-ရှေးဟောင်းသုတေသီ) သည် အမှတ် ၅၆ (ခ)၊ ၁၅ လမ်း၊ (၄)ရပ်ကွက်၊ သာကေတမြို့နယ်၌ နေထိုင်ရင်း ၂၅-၈-၂၀၂၆ ရက်တွင် ကွယ်လွန်ခဲ့သည်။ ကွန်လွန်ချိန်တွင် အသက် (၉၃) နှစ်ရှိပြီဖြစ်သည်။

ကြေးမုံ

## နိုင်ငံတော်ဩဝါဒါစရိယဆရာတော် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁၀)ရပ်ကွက် မဟာဝိသုတာရာမ (အလယ်)တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တပညာဇောတ (အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ညောင်ပင်ကျေးရွာ ခမည်းတော် ဦးဘလေး - မယ်တော် ဒေါ်စုတို့က ၁၃၀၇ ခုနှစ် တန်ခူးလဆန်း ၃ ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၁၇ ခုနှစ် ဝါဆိုလဆန်း ၁၄ ရက်တွင် ရေစကြိုမြို့နယ် ဝါးဘိုးကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တကုသလကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၂၇ ခုနှစ် ဝါဆိုလဆန်း ၁၁ ရက်တွင် ရေစကြိုမြို့နယ် ပခန်းကြီးသက်ကျေးရွာ ပေါ်တော်မူကျောင်းတိုက် ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တရကို ဥပဇ္ဈာယ်ပြု၍ ပခန်းကြီးမြို့မရပ်ကွက်နေ ဦးဘိုရှိန်း - ဒေါ်တင်မြ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဝါးဘိုးကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တကုသလ၊ ညောင်ပင်ကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒ၊ ရွာသာကျေးရွာ ကန်သာယာကျောင်းဆရာတော် ဘဒ္ဒန္တဇဝန၊ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တဉာဏုတ္တရ၊ ပခန်းကြီးသက်ရွာ ပေါ်တော်မူကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တရ၊ မြင်းခြံမြို့ ရွှေဘုံသာတိုက် အလယ်ကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မသာမိ၊ ကိုးဆောင်တိုက် ပခုက္ကူကျောင်းသစ်ကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတ၊ မိတ္ထီလာမြို့ ပထမကျော်ဓမ္မာစရိယတိုက်သစ်ဆရာတော် ဘဒ္ဒန္တစန္ဒိမာ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမ (အလယ်)တိုက်ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသ၊ ဘဒ္ဒန္တပညိန္ဒ၊ ဘဒ္ဒန္တကေလာသ၊ ဘဒ္ဒန္တဝိစာရ စသောစာချအကျော် ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး "သာသနဓဇဓမ္မာစရိယဘွဲ့" ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ပခုက္ကူမြို့ မဟာဝိသုတာရာမ(အလယ်)တိုက်၌ စာသင်သား ရဟန်း၊ သာမဏေများကို ပရိယတ္တိစာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်းနှင့် ပခုက္ကူတိပိဋကပါဠိ+မြန်မာအဘိဓာန် ကျမ်းပြုအဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ အစိုးရနိကာယ်စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် အစိုးရနိကာယ်စာမေးပွဲ ပညာရေးဗဟိုအဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ဥက္ကဋ္ဌဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ သိမ်ပေါင်း ၄၀ ကျော်တို့ကို ဦးဆောင်၍ သမုတ်တော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်ဝိနည်းဓိုရ်၊ တိုင်းဒေသကြီး ဝိနည်းဓိုရ်၊ မြို့နယ်သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ မကွေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဒ္ဓနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယ ဆေကဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၂၆ ခုနှစ်တွင် "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည်သာသနာတော်အကျိုးကိုသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၁ နှစ်၊ သိက္ခာ ၆၁ ဝါအရ ၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက် (၂၆-၈-၂၀၂၆) ဗုဒ္ဓဟူးနေ့ နံနက် ၄ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။



## ရွှေသဇင်အထွေထွေစီးပွားရေး သမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ သမဝါယမအသင်းများမှ ရွှေသဇင်အထွေထွေစီးပွားရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ယမန်နေ့က မြို့နယ်အသင်းစုခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြောက်ဥက္ကလာပမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးချစ်ကိုကိုဦးက ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းမှ အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းစာရင်းစစ် ဒေါ်လှလှယဉ်က ဖတ်ကြားတင်ပြခဲ့ပြီး အမှုဆောင်အဖွဲ့ဝင် သုံးဦးနှင့် အသင်းစာရင်းစစ်နှစ်ဦးတို့အား အမှုဆောင်အသစ်များအဖြစ် ပြန်လည်ရွေးချယ်ကာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်း ဆောင်ရွက်ကြကြောင်း သိရသည်။ **သက်လွင်စိုး(ပြန်/ဆက်)**

## သာယာဝတီမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ပြုလုပ်

သာယာဝတီ ဩဂုတ် ၂၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (သာယာဝတီ/ထားဝယ်/ကျောက်တော်)ကျောင်း၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စာရေးဆရာအသင်းတို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီက စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (သာယာဝတီ/ထားဝယ်/ကျောက်တော်)ကျောင်းခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ဟောပြောပွဲတွင် သာယာဝတီမြို့မရဲစခန်းမှူး ဒုတိယရဲမှူး တင်ယုက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး မိုးသဲအောင်(ပန်းမြေ)က လူငယ်နှင့်စာပေအကြောင်းသိရှိစေရန် အသိပညာပေးဟောပြောပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်က ကျောင်းစာသင်ယူရုံသာမက အားလပ်ချိန်များတွင် ပြင်ပဗဟုသုတများ ရရှိစေရန်နှင့် စာဖတ်သည့်အလေ့အထကောင်းများ ရရှိစေရန် စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာရန် လိုအပ်ကြောင်းနှင့် စာဖတ်ခြင်းဖြင့် ရရှိစေနိုင်သည့်ကောင်းကျိုးများကို အသိပညာပေးရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**



# ဟားခါးတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောနှင့် ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲကျင်းပ

ဟားခါး သြဂုတ် ၂၆

မိုးရာသီအားကစားပြိုင်ပွဲများ ကျင်းပခြင်းဖြင့် ကျောင်းသား ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်စေရန်နှင့် ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်စေရန် ရည်ရွယ်ကျင်းပသည့် ဟားခါးတက္ကသိုလ် ၂၀၂၅-၂၀၂၆/၂၀၂၆-၂၀၂၇ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား၊အမျိုးသမီး ဘော်လီဘောနှင့် ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ဟားခါးတက္ကသိုလ်မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။



ဦးစွာ ချင်းပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစိန်ထွန်းလှက အမှာစကားပြောကြားပြီး ဟားခါးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းဖေက အားကစားပြိုင်ပွဲ ဆိုင်ရာများနှင့် စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောနှင့် ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ဘော်လီဘောပြိုင်ပွဲတွင် အမျိုးသား ဘော်လီဘော အသင်းသုံးသင်း၊ အမျိုးသမီးဘော်လီဘောအသင်း သုံးသင်းနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အမျိုးသားအသင်း လေးသင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရေတာရှည်မြို့နယ်၌ အမျိုးသားအလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကျင်းပ

ရေတာရှည် သြဂုတ် ၂၆

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဖလား အမျိုးသားအလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ် အားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာသန်းက အမှာစကားပြောကြားသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို အုပ်စု ၈ အုပ်စု၊ အသင်း ၂၄ သင်းဖြင့် သြဂုတ် ၂၆ ရက်မှ ၃၁ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မိုးနဲမြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား U-14၊U-16 နှင့် အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

မိုးနဲ သြဂုတ် ၂၆

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် မြို့နယ် အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌဖလား U-14၊ U-16 နှင့် အမျိုးသားအလွတ်တန်း ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။



ဦးစွာ ဘောလုံးပြိုင်ပွဲကို နမ့်စန်ခရိုင် အုပ်ချုပ်ရေးမှူး ဦးသက်နိုင်၊ မိုးနဲမြို့နယ် တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးတိုးဝင်းဖေ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျော်ဝင်း၊ မြို့နယ် အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ရဲမှူးသန်းစိုး၊ မြို့နယ်ပညာရေးမှူး ဒေါ်နီလာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက အားကစားပစ္စည်းနှင့် ဘင်ခရာ၊ ပန်းဖွားအဖွဲ့ကို ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြကာ ဌာနဆိုင်ရာအသင်းနှင့် ချစ်ကြည်ရေးအသင်းတို့ပြိုင်ပွဲကို မြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌက ကွင်းအတွင်း ဘောလုံးကန်သွင်း၍ စတင်ပေးခဲ့ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

**❂ ကျောဖုံးမှ**

အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို (၂)ပွဲ (၁)ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီးနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို (၂)ပွဲ (၁)ပွဲဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် ရခိုင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို (၂) ပွဲပြတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို (၂) ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

သြဂုတ် ၂၇ ရက် နံနက် ၉ နာရီမှ စတင်၍ ပိုက်ကျော်ခြင်း(အမျိုးသား)(၃)ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲစဉ်များအဖြစ် မွန်ပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ချင်းပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ချင်းပြည်နယ်အသင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကရင်ပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အလားတူ ပိုက်ကျော်ခြင်း(အမျိုးသမီး)(၃)ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ကရင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ မွန်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ချင်းပြည်နယ်အသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ကရင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**✳ အာဆီယံမှ**

ဗီယက်နမ်အသင်းသည် ပထမအကျော့ အဝေးကွင်းပွဲတွင် နှစ်ဂိုးပြတ်အနိုင်ရထားသဖြင့် နှစ်ကျော့ပေါင်း လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရကာ ချန်ပီယံဆုကာကွယ်နိုင်ခဲ့ပြီး နှစ်ကြိမ်ဆက်နှင့် လေးကြိမ်မြောက်ဗိုလ်စွဲခဲ့သည်။ ဗီယက်နမ်အသင်းသည် ပြိုင်ပွဲသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ချန်ပီယံဆုကာကွယ်နိုင်ခြင်းဖြစ်ပြီး ထိုင်း၊ စင်ကာပူပြီးနောက် တတိယမြောက် ချန်ပီယံဆုကာကွယ်နိုင်သည့်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ဗီယက်နမ်အသင်းသည် ချန်ပီယံဆုလေးကြိမ်ဖြင့် စင်ကာပူအသင်း၏ ချန်ပီယံဆုအရေအတွက်ကို လိုက်မီခဲ့သည်။ ဗီယက်နမ်အသင်းသည် ယခုပွဲတွင် ကံကောင်းခဲ့ပြီး နှစ်ကြိမ်တိုင်နောက်မှလိုက်ကစားရသော်လည်း ထိုင်းအသင်းက ကိုယ့်ဂိုးကိုယ်သွင်းယူသည့် OG ဂိုးများကြောင့် ချေပဂိုးနှစ်ဂိုးစလုံး ပြန်ရခဲ့ခြင်းဖြစ်သည်။

ပထမအကျော့တွင် အရေးနိမ့်ထားသည့် ထိုင်းအသင်းသည် အဝေးကွင်း မဖြစ်မနေအနိုင်ရရန် လိုအပ်နေသဖြင့် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၂ မိနစ်တွင် ဘူရာဖာက ဦးဆောင်ဂိုး သွင်းယူခဲ့သည်။ ထိုင်းအသင်းသည် ပထမပိုင်းအပြီးတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နေသော်လည်း ၅၂ မိနစ်တွင် ဗီယက်နမ်အသင်း ကန်သွင်းသည့်ဘောလုံးတိုင်ထိထွက်ရာမှတစ်ဆင့် ထိုင်းဂိုးသမား ချက်ချိုင် ခြေထောက်နှင့်ထိကာ ဂိုးဝင်ခဲ့ခြင်းဖြစ်သည်။ သရေကျပြီးနောက် ထိုင်းအသင်းက ဂိုးထပ်ရရန် ကြိုးပမ်းလာပြီး ၈၅ မိနစ်တွင် ဝမ်ချိုင်းက ဒုတိယဂိုးထပ်သွင်းခဲ့သည်။ သို့သော် ၉၀+၃ မိနစ်တွင် ဦးဆောင်ဂိုးသွင်းယူခဲ့သည့် ဝမ်ချိုင်းပင် ဘောလုံးဖျက်ထုတ်ရာမှတစ်ဆင့် ကိုယ့်ဂိုးကိုယ်သွင်းမိပြီး ဗီယက်နမ်အသင်း ချေပဂိုးရခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဗီယက်နမ်အသင်းသည် ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိဘဲ ချန်ပီယံဆု ကာကွယ်နိုင်ခဲ့သည်။

ဗီယက်နမ်အသင်းသည် ချန်ပီယံဆုကို ၂၀၀၈၊ ၂၀၁၈၊ ၂၀၂၄ နှင့် ၂၀၂၆ ခုနှစ်တို့တွင် လေးကြိမ် ရယူနိုင်ခဲ့သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-FAT**

**❍ MFF မှ**

ပွဲစဉ် ၉ အပြီးတွင် Pacific Sun Far အသင်းက ၂၇ မှတ်၊ YRG အသင်းနှင့် YCDC Dream Team အသင်းက ၂၂ မှတ်စီ၊ MIU အသင်းက ၂၁ မှတ်၊ ULAD အသင်းက ၁၈ မှတ်၊ JV အသင်းက ၁၆ မှတ်၊ Gold Dream အသင်းက ၁၅ မှတ်၊ United City အသင်းနှင့် Royal Noka အသင်းက ခြောက်မှတ်စီ၊ မင်္ဂလာဒုံစီးတီးအသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းက သုံးမှတ်စီရရှိထားပြီး Burmese Warriors အသင်းမှာမူ အမှတ်မရသေးပေ။ **သတင်း-ရှိုင်းထက်ဇော် ၊ ဓာတ်ပုံ-MFF**

# ပုသိမ်မြို့၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြော

ပုသိမ် သြဂုတ် ၂၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများအား အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲကို တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးဦးသန်းဦးက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်ခင်းရပ်ရှိ ADHIPATI-MON ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-7 တွင် ပညာသင်ကြားနေသော မောင်သန်းထိုက်ဦး ၏ ဖခင် အမည်မှန်မှာ မောင်သန်းလွင် ဖြစ်ပါကြောင်း။

**မောင်သန်းလွင်**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ပါရမီ ကိုယ်ပိုင်အထက်တန်းကျောင်း Grade-5တွင် ပညာသင်ကြားနေသော မိအယ်ပါရမီ၏ ဖခင်အမည်မှန်မှာ မင်းစိုးအောင် ဖြစ်ပါကြောင်း။

**မင်းစိုးအောင်**

## "ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၃၆၇)၊ ဒုတိယထပ် (တိုက်ကိုမျက်နှာမူလျှင်-ဘယ်) ၊အကျယ်အဝန်း (၁၂ x ၅၀)ပေရှိ တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း"

အထက်ပါလိပ်စာရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးအောင်မြင့်[၁၂/ပဘတ(နိုင်)၀၀၂၆၉၂]ထံမှ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ အရပ်ကတိစာချုပ်တို့နှင့်တကွ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထက်ထက်အောင် [၁၂/ဒပန(နိုင်)၀၅၁၇၆၇]တစ်ဦးတည်းအမည်ဖြင့် ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင် အကျိုးခံစားလျက်ရှိပါသည်။

သို့ပါ၍ ကျွန်ုပ်၏မိတ်ဆွေ တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားသော အထက်ပါတိုက်ခန်းအား ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း၊ စီမံခန့်ခွဲခြင်းများ မပြုပါရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင့်ထက်ထက်စံ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၅၅၃)**
**အမှတ်-၂၉၅၊ စံပြလမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၅၃၃၀၇၅၀၁၊ ၀၉-၆၉၇၉၅၅၉၉၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၉)၊ မြေကွက်အမှတ်(၂၂၁)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ **ဦးသက်ထွန်း တပ်ကြပ်ကြီး (MMO-၂၆၂၉၁၄)**အမည်ပေါက် ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ထားသည်ဟု ဆိုလာသူ **ဦးသူရထွန်းမင်း[၁၂/ဥကတ(နိုင်)၁၃၃၉၉၂]နှင့် ဒေါ်ခင်မိုးမိုးမြင့်[၁၂/ဥကမ(နိုင်)၂၀၅၂၁၈]**တို့က ၎င်းတို့သာလျှင် တရားဝင်ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိပြီး လွှဲပြောင်း ရောင်းချခွင့်အပြည့်အဝရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့်ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်မြတ်ရည်ဖြိုး[၁၂/ဗတထ(နိုင်)၀၃၇၇၆၅]**မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုမွန်(စဉ်-၁၃၄၉၆)[တရားလွှတ်တော်ရှေ့နေ]**
**[LL.B, D.B.L, D.I.L, D.I.P.L, DL-101WIPO(Switzerland)]**
**ဖုန်း-၀၉-၇၉၉၆၆၄၅၅၇၊ ၀၉-၇၈၁၅၃၅၈၂၄၊ ၀၉-၅၀၄၉၁၇၄**
**အမှတ်-၃၀၂(၁၂+၁)၊ ParamiCondominium၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ ကွင်းရပ်ရပ်ကွက်၊ အကွက်အမှတ်(၇၆)ကွင်းရပ်၊ ဦးပိုင်အမှတ်(၁၄၀/က)၊ ဧရိယာ(၀.၀၇၁)ဧကရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့သည် မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန မှတ်ပုံတင်(၁-က)စာရင်းတွင် ဒေါ်ဆဖီရာ အမည်ပေါက်ပါသည်။ ဒေါ်ဆဖီယာ(ခ) ဒေါ်ဆဖီရာ(ခ)ဒေါ်ဆဖီရာဘီထံမှ "အိမ်နှင့် မြေကွက်ပိုင်ဆိုင်မှုကို မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်းစာချုပ်" မှတ်ပုံတင်စာချုပ်အမှတ်-၂၁၅/၂၀၂၆ အရ မအေးသီတာခိုင်က ပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ မအေးသီတာခိုင်က ၎င်း၏ အမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ ကြေညာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)အတွင်း မော်လမြိုင်မြို့နယ်မြေစာရင်း ဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက မအေးသီတာခိုင်မှ ၎င်း၏ အမည်သို့အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာလိုက်သည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်-၅၃၃၊ ရွှေစင်(၈)လမ်း၊ ၄၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-၄၄၊ မြေကွက်အမှတ်-၅၃၃၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဒေါ်သက်သက်မွန်[၁၂/လမန(နိုင်)၀၁၈၁၇၈]အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးသိန်းဦး[၁၂/ဗဟန(နိုင်)၀၅၁၀၇၀]မှ တရားဝင်အမွေ ဆက်ခံပိုင်ဆိုင်ပြီး အဆိုပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် မြေနှင့်အိမ်ကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးဖြိုးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၇၆)**
**အမှတ်-၉၊ သီရိမြိုင်လမ်းမ၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၄၃၁၁၅၄၃၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆-ဂျီ)၊ မြေကွက်အမှတ်(၇၆-အေ၁/၂-၁၆)၊ မြေဧရိယာ(၀.၁၀၁)ဧက အကျယ်အဝန်းရှိ မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ **ဒေါ်အေမာမျိုးသိန်း (ဘ)ဦးမျိုးသိန်း[၁၂/ဒဂန(နိုင်)၀၂၉၁၀၆]**၊ အမှတ်(၁၁၆)၊ သံလွင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ် အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၂၅၄၄၈၈၃၃၀** |

**အမှတ်(၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးမော်ကြီး[၉/မလန(နိုင်)၀၉၇၄၀၄]၊ ဒေါ်အေးသိန်း[၉/မလန(နိုင်)၀၀၁၀၁၉]၊ အမှတ်(၇၃၃/က)၊ စစ်ကိုင်း(၂၆)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် NEW M.T.R Construction Co., Ltd (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၃၈၆၃၄၂၇၂)ဆောက်လုပ်ရေးမှ ကန်ထရိုက်တာများဖြစ်သော ဦးအောင်ဇော်ဇော်[၁၂/ပဇတ(နိုင်)၀၃၉၈၈၆]၊ ဦးမျိုးမင်းနိုင်[၁၂/သဃက(နိုင်)၁၇၇၅၆၉] ကိုင်ဆောင်သူတို့နှင့် (၇-၉-၂၀၂၄)ရက်နေ့တွင် **"NEW M.T.R Construction Co., Ltd ဆောက်လုပ်ရေးမှ (၁)ခန်းတည်း (၆) ထပ် Hall Type(RC) အဆောက်အဦ ဆောက်လုပ်ရန်အတွက် ကန်ထရိုက်တာနှင့် မြေရှင်တို့ နှစ်ဦးနှစ်ဖက် လုပ်ငန်းသဘောတူ ကတိစာချုပ်"**ကို ချုပ်ဆိုခဲ့ပြီး ယခုအခါ ကန်ထရိုက်တာများဘက်မှ အဆိုပါ သဘောတူစာချုပ်အား အကောင်အထည်ဖော် ဆက်လက်လုပ်ဆောင်ရန် ဆန္ဒမရှိတော့ပါသဖြင့် (၂၅-၈-၂၀၂၆)ရက်နေ့တွင် **"နှစ်ဦးသဘောတူ မြေရှင်နှင့် ကန်ထရိုက်တာ"**တို့ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၇) ရက်နေ့တွင် ချုပ်ဆိုထားသော Hall Type (RC) (၁)ခန်းတွဲ၊ (၆)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ရန်အတွက် လုပ်ငန်းသဘောတူစာချုပ်အား ဖျက်သိမ်းခြင်း ကတိစာချုပ်ကို ချုပ်ဆို၍ လုပ်ငန်းလုပ်ဆောင်ရန် ဖျက်သိမ်းခဲ့ကြပြီး လုပ်ငန်းဖျက်သိမ်းခြင်းစာချုပ်အား ဦးမျိုးမင်းနိုင်မှ ဦးအောင်ဇော်ဇော်၏ ကိုယ်စားတာဝန်ယူ လက်မှတ်ရေးထိုး ချုပ်ဆိုပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမော်ကြီးနှင့်ဒေါ်အေးသိန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်သန်းသန်းထိုက်(LL.B)** | **ဒေါ်အေးအေးမင်း(LL.B)** | **ဒေါ်သပြေအေး(LL.B)** |
| **စဉ်-၁၁၆၀၇ (၂၉-၁၁-၂၀၂၆)** | **စဉ်-၁၀၄၁၉ (၂၆-၂-၂၀၁၅)** | **စဉ်-၈၁၆၈ (၃-၄-၂၀၁၂)** |
| **09-420 771 590** | **09421 718 875** | **09-450 991 194** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၇၅၀)၊ ကြံ့ခိုင်ရေးလမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၅ရပ်ကွက်၊ အကွက်အမှတ်(က-၁)၊ ဦးပိုင်အမှတ်(၉၂)၊ ၁၁၀လမ်း၊ ၇၀x၇၂လမ်းကြားရှိ ဦးကြီးမြင့်အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးကြီးမြင့်၊ မိခင် ဒေါ်မြို့ရီတို့ ကွယ်လွန်၍ ကျန်ရစ်သောသားသမီးများဖြစ်ကြသည့် ဒေါ်ချိုချိုဝင်း[၉/မရတ(နိုင်)၀၈၆၃၅၂] (၎င်း၏ SP ရရှိသူ ဒေါ်အေးအေးမော်)၊ ဒေါ်အေးအေးမော်[၉/မရတ(နိုင်)၁၂၀၁၀၅]၊ ဒေါ်မြင့်မြင့်ခိုင်[၉/မရတ(နိုင်)၁၂၀၁၀၄]၊ ဦးဝင်းစိုး [၉/မရတ(နိုင်)၁၂၀၁၀၆] (၎င်း၏ SP ရရှိသူ ဒေါ်အေးအေးမော်)၊ ဦးဇော်မင်းဦး [၉/ခမစ(နိုင်)၀၁၆၄၀၂]တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၁၁)၊ ဦးပိုင်အမှတ်(၁၀၇)၊ ၁၀၈လမ်း၊ ၄၉ x ၅၀လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒုတပ်ကြပ်စိန်ဌေး ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၅၁၈/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်လင်းအောင်[၉/မကန(နိုင်)၁၅၇၈၆၇]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၁၉၄၈/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၆)၊ ဦးပိုင်အမှတ်(၇)၊ ၆၈x၆၉ကြား၊ ၁၁၆x၁၁၇လမ်းကြားရှိ YANG SWAY MAY အမည်ပေါက်ဂရန်မြေကွက်အား ဖခင် ဦးကိုချိန်၊ မိခင် YANG SWAY MAY တို့ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဦးထွန်းဝင်း[၁၃/လလန (ဧည့်)၀၀၀၁၆၆]၊ ဦးထွန်းမြ[၁၃/လလန(ဧည့်)၀၀၀၁၆၇]၊ ဒေါ်နွယ်နီစမ်း[၁၃/လလန(ပြု)၀၀၀၁၈၂]တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၅)၊ ဦးပိုင်အမှတ်(၁+၁၆)၊ ၁၀၆x၁၀၇ကြား၊ ၅၅x၅၆ လမ်းကြားရှိ ဦးကံညွှန့် အမည်ပေါက် တောဂရန်မြေကွက်အား ဖခင် ဦးကံညွှန့်၊ မိခင် ဒေါ်ယုတို့ ကွယ်လွန်ပြီး သား ဦးစန်းဌေးဦး၏ ပထမအိမ်ထောင် ဒေါ်မျိုးသန့်သန့်ခိုင် ကွယ်လွန်သွားပါသဖြင့် ဒုတိယအိမ်ထောင် ဒေါ်မြင့်မြင့်ခိုင်နှင့် ထပ်မံအိမ်ထောင်ပြုပြီး ဦးစန်းဌေးဦးမှာ မိဘများထက်စော၍ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ သမီး၊ အမွေမမီမြေးများဖြစ်ကြသော ဒေါ်ကျင်ဆွေ[၉/မနမ(နိုင်)၀၇၅၁၈၇]၊ ဒေါ်ရီရီသန့်[၉/ခမစ(နိုင်)၀၅၈၉၁၂]၊ ဒေါ်စန်းဝင်းမော်(ခ)စမ်းဝင်းမော်[၉/မနမ(နိုင်)၀၀၀၄၅၉]၊ ဦးဝေယံထွန်း[၉/ခမစ(နိုင်)၀၈၄၅၂၂] တို့က ၄၀၀၀ိ/ငွေသွင်းပြေစာ၊ တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ရော(၁၁)လမ်း၊ အမှတ်(၁၁၄)၊ မြေတိုင်း(ည)၊ မြေကွက်အမှတ်(၁၁၄ ၃/၂)၊ ဦးသံခဲ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်မှ (၁၀ x ၆၀)ပေရှိ မြေအစိတ်အပိုင်းနှင့်နေအိမ်အရောင်းအဝယ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်အစိတ်အပိုင်းနှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်နှင်းဝါဝါ[၁၂/ဥကမ(နိုင်)၁၁၅၃၉၆]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပါ၍ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တရားဝင်အရောင်းအဝယ်ပြီး မြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးယဉ်ထွန်း(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၅၁)**
**ရုံးခန်း-အမှတ်(ဆ/၁၀/၉၇)၊ နွယ်သာကီပန်းခြံရှေ့၊ ခေမာသီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၄၂၁၁၀၂၅၆၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၂၁)၊ ဦးပိုင်အမှတ်(၈၄+၈၅)၊ ၆၅x၆၆လမ်းကြား၊ ၁၃၅x၁၃၆လမ်းကြားရှိ ဦးသန်းမြင့်ပါ-၅ဦး အမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၆၃၁/၂၀၁၂)ဖြင့် ဦးသန်းမြင့်ပါ-၃ဦးက အမွေဆက်ခံခဲ့ပြီး ၎င်းတို့(၃)ဦးထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၇၈၁/၂၀၂၃)ဖြင့် ခဲစင်းတောင်ဘက်ခြမ်းအားလည်းကောင်း၊ အရောင်းအဝယ်စာချုပ်အမှတ်(၁၇၈၂/၂၀၂၃)ဖြင့် ခဲစင်းမြောက်ဘက်ခြမ်းအားလည်းကောင်း ဦးအောင်လင်းထွေးက ဝယ်ယူခဲ့ပါသည်။ ဦးအောင်လင်းထွေးထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၂၁၃/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သော ခင်ပွန်း ဦးကိုကိုဦး(ခ)အီဇက် ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ဒစွမ်ချန်ဖေး[၁/ပတအ(နိုင်)၀၂၀၈၈၅]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၇၆)၊ ဦးပိုင်အမှတ်(၃-က)၊ ၃၆ လမ်းမျက်နှာပြု၊ ၈၆x၈၈ လမ်းကြားရှိ ဒေါ်ချိုသင်း အမည်ပေါက်ဂရန်မြေကွက်အား ဖခင် ဦးကျော်ဆွေ၊ မိခင် ဒေါ်ချိုသင်းတို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဦးဝင်းထွန်း[၉/မရတ(နိုင်)၀၀၀၂၄၈]၊ ဒေါ်အေးမွန်ကျော်[၉/မရတ(နိုင်)၀၀၀၂၄၇]၊ ဒေါ်ဝင်းဝင်းမြတ်[၉/မရတ(နိုင်)၀၀၁၇၅၁] (၎င်း၏ GP ရရှိသူ ဒေါ်အေးမွန်ကျော်)တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ရပ်ကွက်၊ အကွက်အမှတ်(ဆ-၇)၊ ဦးပိုင်အမှတ်(၆၉-ခ)၊ ၆၉x၇၀၊ ၁၀၇ x ၁၀၈လမ်းကြားရှိ ဦးချစ်တင် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၂၅၆၄/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သူ ဒေါ်ရီရီမြင့် [၉/မနမ(နိုင်)၀၈၄၅၈၅]က အမှုတွဲအမှတ် (၁၉၄၆/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း၊ ခွဲကျန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

